မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၉ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၂၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနအသင်း အနိုင်ရဗိုလ်စွဲ

နေပြည်တော် ဇန်နဝါရီ ၂၈

၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဘော်လီဘောအားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးသူရဦးအေးမြင့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ဦး၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဘော်လီဘောအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

ဗိုလ်လုပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သုံးပွဲ- ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။

စာမျက်နှာ ၉ ကော်လံ ၁ ❖

အမှတ်(၂) စက်မှုဝန်ကြီးဌာနအောက်ရှိ မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံများမှ ထုတ်လုပ်သော မော်တော်ယာဉ်များကို တွေ့ရစဉ်။

မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်မှု တစ်ခေတ်ဆန်းစေမည့် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)

နေပြည်တော် ဇန်နဝါရီ ၂၈

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အဓိကရည်မှန်းချက်ဖြစ်သည့် စက်မှုနိုင်ငံတော်ကြီးတစ်နိုင်ငံအဖြစ် ထူထောင်နိုင်ရေးအတွက် စက်ရုံကြီးများ၊ စက်မှုလုပ်ငန်းကြီးများ ပီပြင်စွာပေါ်ထွန်းလာစေရန် သင့်လျော်သည့်ဒေသများတွင် စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို စနစ်တကျ သတ်မှတ်ဆောင်ရွက်လျက်ရှိရာ မြေလတ်ဒေသနေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်ရရှိစေပြီး ကျွမ်းကျင်သော စက်မှုလုပ်သားများ(လူ့စွမ်းအားအရင်းအမြစ်များ) မွေးထုတ်နိုင်မည့် မကွေးတိုင်းဒေသကြီးမှ မကွေးစက်မှုနယ်မြေစီမံကိန်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မကွေးစက်မှုနယ်မြေဖွဲ့စည်းမှုတွင် အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)၊ စက်မှုသင်တန်းကျောင်း(မကွေး)၊ အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်)၊ စက်နှင့်စက်ပစ္စည်းကိရိယာထုတ်လုပ်မှုစက်ရုံ(မြိုင်)နှင့် စက်မှုသင်တန်းကျောင်း(ပခုက္ကူ)တို့ ပါဝင်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✻

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)

ဓာတ်ပုံမှတ်တမ်း
သန်းဦး(သတင်းစဉ်)

မကွေးမြို့နယ် မကွေးစက်မှုနယ်မြေရှိ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)ကို တွေ့ရစဉ်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၉ ရက်)

အသိပညာဗဟုသုတများတိုးပွားရေး စာပေလေ့လာဆည်းပူး

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်။ လူငယ်လူရွယ်များသည် အနာဂတ်တွင် တိုင်းပြည်အကျိုးကို စွမ်းစွမ်းတမံ ဖော်ဆောင်နိုင်ရန် ခေတ်မီနည်းပညာနှင့် အတတ်ပညာများ တတ်ကျွမ်းထားရန် လိုအပ်သည်။

တိုင်းပြည်အကျိုး သယ်ပိုးရန်အတွက် ပြည့်ဝသောအားဖြစ်စေမည့် အခြေခံအကြောင်းအရင်းသည် အရေအတွက်ထက် အရည်အချင်းရှိရေးဖြစ်သည်။ ထို့ကြောင့် ယနေ့လူငယ်များသည် ပင်ကိုအရည်အချင်းပြည့်စုံနေရန် ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ ထိုသို့ အရည်အချင်းပြည့်စုံစေရန် အဓိကထားလုပ်ဆောင်ရမည့် အချက်သည် စာပေဖတ်ရှုလေ့လာခြင်းပင်ဖြစ်သည်။

စာပေသည် အသိအလိမ္မာ၊ ဉာဏ်ပညာတိုးတက်မြင့်မားရေးအတွက် မီးရှူးတန်ဆောင် ဖြစ်သည်။ ထို့ကြောင့် ယနေ့လူငယ်လူရွယ်များသည် ခေတ်မီသိပ္ပံနှင့် နည်းပညာစာပေများနှင့်အတူ အခြားသောလေ့လာမှတ်သားဖွယ်စာပေများကို လေ့လာဖတ်ရှုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်ဒေသတွင် နေထိုင်ကြသည့်အတွက် ကျေးလက်နေပြည်သူများ၏ စာပေဖတ်ရှုလေ့လာမှုမြင့်မားလာသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ ကျေးလက်နေပြည်သူများ၊ လူငယ်လူရွယ်များ အသိပညာဗဟုသုတရှာမှီးနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များကို ထူထောင်ဖွင့်လှစ်ပေးလျက်ရှိသည်။

ယခုအခါ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ယင်းဖောင်ဒေးရှင်းကြီးသည် ကျေးလက်ပြည်သူများ စာဖတ်ရှုနိုင်မြင့်မားပြီး စာပေကို စွဲစွဲမြဲမြဲဖတ်ရှုသည့် အလေ့အကျင့်များရရှိစေရန်အတွက် ဖြစ်သည်။

နည်းပညာများ တစ်နေ့တခြားတိုးတက်နေသော ယနေ့အချိန်တွင် နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်ရေးအတွက် လူငယ်လူရွယ်များသည် အသိပညာ၊ ဗဟုသုတများကို ရှာဖွေလေ့လာဆည်းပူးရာ၌ ပညာဘဏ်တိုက်ဖြစ်သည့် စာကြည့်တိုက်များမှသာ အများဆုံးရရှိနိုင်မည်ဖြစ်ရာ အနာဂတ်နိုင်ငံတော်အကျိုးအတွက် ပြည့်ဝသော အားများရရှိရန် စာပေများကို စာကြည့်တိုက်များ၌ စဉ်ဆက်မပြတ် လေ့လာဆည်းပူးသွားသင့်ပါကြောင်း အကြံပြု ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စာရင်းစစ်ချုပ်ရုံး ပြည်နယ်/တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများ လုပ်ငန်းညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၈

စာရင်းစစ်ချုပ်ရုံး ပြည်နယ်/တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စာရင်းစစ်ချုပ် ဦးလွန်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ယင်းဆွေးနွေးပွဲသို့ စာရင်းစစ်ချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရုံးချုပ်/ပြည်နယ်/ တိုင်းဒေသကြီးညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အချိန်နှင့်တစ်ပြေးညီ

လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲတွင် စာရင်းစစ်ချုပ်က အမှာစကားပြောကြားရာ၌ တာဝန်ရှိသူများသည် လုပ်ငန်းဆောင်ရွက်ရာ၌ မိမိ၏ တာဝန်ကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ သမာသမတ်ကျစွာ အဂတိ ကင်းကင်းရှင်းရှင်းဖြင့် မှန်မှန်ကန်ကန်စစ်ဆေးရန်၊ နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းများနစ်နာဆုံးရှုံးမှုကို အချိန်မီစစ်ဆေးဖော်ထုတ်၍ အပြည့်အဝ ပြန်လည်ပေးသွင်းစေရေးအတွက် တွန်းအားပေး ဆက်လက်ဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ပြဋ္ဌာန်းခွင့်ပြုထားသည့် နှုန်းထားများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေး၊ ငွေ၊ ပစ္စည်းနစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် အလေးပေး စစ်ဆေးရန်၊ စစ်ဆေးတွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်/တိုင်းဒေသကြီး ညွှန်ကြားရေးမှူးများက လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် (တာဝန်)က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် စာရင်းစစ်ချုပ်က တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များမှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများကို ကတ္တရာလမ်းခင်းလျက်ရှိရာ ဇန်နဝါရီ ၂၆ရက်က ကုမုဒြာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်အေးသူဇာလှ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး စစ်တွေ၌ သင်တန်းဖွင့်

စစ်တွေ ဇန်နဝါရီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း၏ ရခိုင်ပြည်နယ်အဆင့်သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက် ၉နာရီက စစ်တွေမြို့ ရခိုင်ပြည်နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ကိုယ်စား ဒုတိယညွှန်ကြားရေးမှူး ဦးတင်နိုင်ထွန်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ပြည်နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှူး ဦးစိန်ဒိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အဆိုပါ သင်တန်းသို့ မြို့နယ်မြေစာရင်းဦးစီးဌာနမှူးများ၊ လက်ထောက်ဦးစီးမှူးများနှင့် သင်တန်းသား ၆၂ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည် ဖြစ်ကြောင်း သိရှိရသည်။ **(ပြည်နယ်မြေစာရင်း)**

အထက(သုဝဏ္ဏာ) စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

သဃ်န်းကျွန်းမြို့နယ် အထက(သုဝဏ္ဏာ)၌ ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားရေး၊ စာရိတ္တကောင်းမွန်ရေး၊ စာပေကိုမြတ်နိုးလေးစားရေး၊ ဘက်စုံထူးချွန်သော လူရည်ချွန်၊ လူရည်မွန်များ ဖြစ်ပေါ်စေရေးတို့အတွက် ရည်ရွယ်သော စာပေဟောပြောပွဲနှင့် ပညာရေးမြှင့်တင်မှုဖောင်ဒေးရှင်း မတည်အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉နာရီက ယုဇနစာသင်ဆောင်၌ကျင်းပရာ အခမ်းအနားတွင် စာရေးဆရာ လယ်တွင်းသား စောချစ်၊ ချစ်နိုင်(စိတ်ပညာ)၊ ဒေါက်တာခင်မောင်ညိုနှင့် ကောင်းသန့်တို့က စာပေရေးရာများ ဟောပြောကြသည်။ **(အောက်ပုံ)**

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးချစ်မျိုးက ပညာရေးမြှင့်တင်မှုဖောင်ဒေးရှင်းအကြောင်း ရှင်းလင်းတင်ပြပြီး ဦးထွဏ်းထွဏ်း-ဒေါ်စန်းစန်းဝေမိသားစု၊ ဦးအေးကြိုင်-ဒေါ်ရီရီမြင့် မိသားစု၊ ဦးထိန်လင်း-ဒေါ်တင်တင်သန်း(ဖူဂျီကိုပုံနှိပ်တိုက်)မိသားစု၊ ဦးဌေးကျော်-ဒေါ်တင်တင်ဝင်း မိသားစု၊ ဦးဥက္ကာအေး (အလင်္ကာဝတ်ရည်စာပေတိုက်)နှင့် ဦးမြင့်နိုင် (လက်ထောက်ကထိက၊ ဓာတုဗေဒဌာန ဆေးတက္ကသိုလ်(၁)ရန်ကုန်) တို့က မတည်ငွေ ကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စာနယ်ဇင်း)**

ဆေးတက္ကသိုလ်(၁) ကျောင်းသားဟောင်းများတွေ့ဆုံပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

၁၉၆၈ ခုနှစ် ဆေးတက္ကသိုလ်(၁)ဝင်ခွင့်ရ ကျောင်းသား ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်နှင့် အရှေ့ဘက်မုခ်ကြား မင်္ဂလာဗျူဟာအလွန် ရွှေမန်းကျောင်း၌ ကျင်းပမည်ဖြစ်ပြီး ယင်းနေ့ ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ညစာစားပွဲကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၂၉) မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အဆောက်အအုံပထမထပ်(မင်္ဂလာခန်းမ)၌ ကျင်းပမည်ဖြစ်ပြီး အပန်းဖြေခရီးအဖြစ် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၈ ရက်အထိ ငါးညအိပ် ခြောက်ရက်ခရီးထွက်မည်ဖြစ်ရာ ဖေဖော်ဝါရီ ၇ ရက် နောက်ဆုံးထားပြီး ဒေါက်တာတင်မင်း ဖုန်း-၀၉-၅၀၀၅၁၃၁နှင့် ဒေါက်တာနေလင်း ဖုန်း-၀၉-၅၁၇၁၄၈၄၊ ဒေါက်တာဌေးဝင်း ဖုန်း-၀၉-၅၁၇၆၅၃၆၊ ဒေါက်တာ ခင်မောင်အေး ဖုန်း-၅၅၈၄၃၅၊ ဒေါက်တာမာမာအောင် ဖုန်း-၅၁၀၀၄၀၊ ဒေါက်တာခင်သန်းမြင့် (မာဂရက်) ဖုန်း-၅၄၉၀၈၇ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြိတ် အထက(၂) ဘက်စုံဆုချီးမြှင့်

မြိတ် ဇန်နဝါရီ ၂၈

၂၀၁၀-၂၀၁၁ ပညာသင်နှစ် မြိတ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းဌေးက အမှာစကားပြောကြားပြီး ဘက်စုံဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အလိမ္မာ စာမှာရှိ

မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် Future Engineering Group တို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာစစ်တုရင် (တစ်ဦးချင်း) ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ ရက်မှ ဖေဖော်ဝါရီ ၂၇ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုသည့် အားကစားသမားများသည် ဖေဖော်ဝါရီ ၁၇ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံးတွင် စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ပြိုင်ပွဲအတွက် ဆုကြေးငွေများကို Future Engineering Group မှ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ **(စစ်တုရင်အဖွဲ့ချုပ်)**

အာဆီယံ-တရုတ်နိုင်ငံခြားရေးဝန်ကြီးများ ဒေသတွင်းပေါင်းစည်းဆက်သွယ်မှုဆိုင်ရာအစည်းအဝေး

ဝန်ကြီးဦးဉာဏ်ဝင်း တက်ရောက်ခဲ့

ရန်ကုန် ဇန်နဝါရီ ၂၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်မှ ၂၆ ရက်အထိ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ထိုင်းနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကုန်းလမ်းခရီးဖြင့် သွားရောက်သည့် ခရီးစဉ်နှင့် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ၏ ဒေသတွင်းပေါင်းစည်းဆက်သွယ်မှုဆိုင်ရာ အစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့သည်။

တက်ရောက်

ဝန်ကြီးဦးဉာဏ်ဝင်းနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၂၃ ရက်တွင် ကုန်းလမ်းခရီး စတင်မည့် ထိုင်းနိုင်ငံ ချင်းရိုင်မြို့သို့ ရောက်ရှိပြီး အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ညနေပိုင်းတွင် ချင်းရိုင်မြို့ရှိ အာနန်တာရာ ဟိုတယ်၌ ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စ်ကက်ပ်) အမှုဆောင်အတွင်းရေးမှူး ဒေါက်တာ နိုလင်းဟေဇာက အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအား **"အာဆီယံနှင့် လက်တင်အမေရိက ပစိဖိတ်မြစ်ဝှမ်း နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းဆက်သွယ်မှု တိုးမြှင့်ရေး"** နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပွဲသို့ တက်ရောက်ခဲ့သည်။

သွားရောက်

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၂၄ ရက်တွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ထိုင်းနိုင်ငံ ချင်းကောင်းနှင့် လာအိုနိုင်ငံ ဟွေဆိုင်းတို့ကို ဆက်သွယ်ထားသော လေးခုမြောက် မဲခေါင်မြစ်ကူးတံတား တည်ဆောက်သည့် နေရာသို့ သွားရောက်လေ့လာပြီး ထိုင်းနိုင်ငံ ချင်းကောင်းဆိပ်ကမ်းမှ မဲခေါင်မြစ်ကို ကူးတို့ရေယာဉ်များဖြင့် ဖြတ်ကူး၍ လာအိုနိုင်ငံ ဟွေဆိုင်းမြို့သို့ ရောက်ရှိသည်။ အာဆီယံဝန်ကြီးများသည် Route 3A ကားလမ်းအတိုင်း လာအိုနိုင်ငံ၊ ဟွေဆိုင်းမှ လွမ်နမ်သာသို့လည်းကောင်း၊ လွမ်နမ်သာမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကျင်းဟုန်သို့လည်းကောင်း မော်တော်ယာဉ်များဖြင့် သွားရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် အာဆီယံ-တရုတ်ချစ်ကြည်ရေးနှင့် အပြန်အလှန်ဆက်သွယ်သွားလာရေးနှစ် စတင်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ ဝန်ကြီးဦးဉာဏ်ဝင်းသည် အာဆီယံ-တရုတ် ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၂၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသော အာဆီယံ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ၏ ဒေသတွင်း ပေါင်းစည်းဆက်သွယ်မှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။**(အပေါ်ဝဲပုံ)**

ဆွေးနွေး

ယင်းအစည်းအဝေးတွင် ဝန်ကြီးဦးဉာဏ်ဝင်းသည် အာဆီယံ-တရုတ် မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေးနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများသို့ ကူညီပံ့ပိုးပေးမှုများအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် ကူမင်းမြို့ ဂရင်းလိပ်ခ်ဟိုတယ်၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာယန်ကျဲချီက အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

လေ့လာ

ယင်းနောက် ဝန်ကြီးဦးဉာဏ်ဝင်းသည် အခြားအာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ယူနန်စိုက်ပျိုးရေး တက္ကသိုလ်သို့ သွားရောက်လေ့လာခဲ့သည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ကူမင်းမြို့ အမ်ပါ့ခ်ဂရင်း(န်)ဟိုတယ်၌ ယူနန်ပြည်နယ် ပါတီကော်မတီ အတွင်းရေးမှူး မစ္စတာ ဘေအင်ပိုင်က အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မှာကြား

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ကူမင်းမြို့ရှိ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးသို့သွားရောက်၍ မြန်မာကောင်စစ်ဝန်ချုပ် ဦးဇော်ဖြိုးဝင်း၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းနှင့် မိသားစုများအား တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စင်ကာပူတက္ကသိုလ် ဝင်ခွင့်ဆိုင်ရာများ ဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၂၈

အစိုးရကျောင်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်သော Singapore-Cambridge GCE 'O' နှင့် GCE 'A' ပြင်ဆင်ခြင်းအကြောင်းကို Shelton College International မှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၁၁ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့ Summit Parkview Hotel၌ ကျင်းပမည့် Education Roadshow 2011 တွင် ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

Shelton College International သည် GCE 'O' နှင့် GCE 'A' Level စာမေးပွဲများ ကျင်းပခွင့်ရှိသော Approved Exam Center ဖြစ်ကာ မြန်မာနိုင်ငံမှ Primary 2/3 အဆင့်ရှိပြီး စင်ကာပူ အစိုးရကျောင်း ဝင်ခွင့်လျှောက်ထားလိုသော သို့မဟုတ် နိုင်ငံတကာကျောင်းများသို့ ကျောင်းလျှောက်ထားလိုသော ကျောင်းသားကျောင်းသူများအတွက် အသင့်တော်ဆုံး လမ်းကြောင်းကို ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်ဟု သိရသည်။

စင်ကာပူ အစိုးရတက္ကသိုလ်များဖြစ်သည့် National University of Singapore, Nanyang Technology University၊ Singapore Management University နှင့် အခြားနိုင်ငံများမှ တက္ကသိုလ်များသို့ တိုက်ရိုက်တက်ရောက်လိုသော ကျောင်းသား ကျောင်းသူများအတွက် GCE 'A' ပြင်ဆင်ခြင်းအကြောင်းကို ရှင်းလင်းပြောကြားမည် ဖြစ်သည်။

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက အဆိုပါ Education Roadshow 2011 တွင် လာရောက် မေးမြန်းနိုင်ပြီး CROWN Education ဖုန်း-၂၁၁၈၈၈၊ လိုင်းခွဲ-၂၂၈ နှင့် ၀၉-၅၀၈၅၁၈၅ တို့တွင် ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဖယ်ခုံမြို့ နန်းဟူးရပ်ကွက်ရှိ ပတ္တမြားလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးဝင်းဖေနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စာအုပ်စာစောင်နှင့်အလှူငွေများ

အထက(၂)ကြည့်မြင်တိုင် စာကြည့်တိုက်သို့လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၈

စာဖတ်ရှိန် မြှင့်မားရေးအတွက် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အထက(၂) ကြည့်မြင်တိုင် ကျောင်းစာကြည့်တိုက်သို့ အထောက်အကူပြုပစ္စည်းများ၊ စာအုပ်စာစောင်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ကျောင်းအတွင်းရှိ ထီးတန်းခန်းမ၌ ဇန်နဝါရီ ၂၆ ရက်က ကျင်းပရာ အခမ်းအနားတွင် ခရိုင်အတွင်းရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားပြီးနောက် ကျောင်းစာကြည့်တိုက်အတွက် အထောက်အကူပြုပစ္စည်းများ၊ စာအုပ်စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းရာ ကြည့်မြင်တိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ရဲသွေးနှင့် တာဝန်ရှိသူများက လက်ခံယူသည်။

ယင်းနောက် စာရေးဆရာ မောင်ကျေးဇူးက စာဖတ်ခြင်းအကျိုး ဟောပြောခဲ့ကြောင်း သိရှိရသည်။

(ပညာရေး)

သာကေတမြို့နယ် အမှတ်(၂၆)အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ စတုတ္ထတန်းတွင် အလယ်တန်းပညာသင်ဆုရရှိသူ မချောစုစံနှင့် မမွန်မွန်အောင်တို့အား မြန်မာစာဆရာကြီး ဦးကြီးမြင့်၏ ဇနီး ဒေါ်ဖြူဖြူက ဆုချီးမြှင့်စဉ်။

(ပညာရေး)

ITF 14 & Under Asian Championships 2011 Group (2)

တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ ပွဲစဉ်များကျင်းပပြီးစီး

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပသည့် ITF 14 & Under Asian Championships 2011 Group (2) တင်းနစ်ပြိုင်ပွဲ၏ ပထမပြိုင်ပွဲ (1[st] Tournament) ပွဲစဉ်များကို ဇန်နဝါရီ ၂၇ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပပြီးစီး သွားရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် Ghassan AL-ANSI (YEM) က ပထမ၊ Isaae ONG (စင်ကာပူ)က ဒုတိယရရှိသွားသည်။

အမျိုးသမီးတစ်ဦးချင်း ပြိုင်ပွဲတွင် နီလာဝင်း(မြန်မာ)က ပထမ၊ Ang Geraldine (စင်ကာပူ)က ဒုတိယရရှိသွားသည်။

ပထမဆုရရှိ

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် Kareem Allaf နှင့် Mohammad Azhari (သီရိလင်္ကာ)အတွဲက ပထမ၊ အာကာကျော်နှင့် ဝင်းနိုင်ဦး(မြန်မာ) အတွဲက ဒုတိယရရှိသွားသည်။

အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် နီလာဝင်း(မြန်မာ)နှင့် Shaema AL-OLFI (YEM) အတွဲက ပထမ၊ Kavindinya Desilva နှင့် Nethmi Waduge (သီရိလင်္ကာ)အတွဲက ဒုတိယရရှိသွားသည်။

စတင်ကျင်းပမည်

ITF 14 & Under Asian Championships 2011 Group (2)တင်းနစ်ပြိုင်ပွဲ၏ ဒုတိယပြိုင်ပွဲ (2[nd] Tournament) ပွဲစဉ်များကို ဇန်နဝါရီ ၂၉ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်မြို့နယ်များရှိ ခရိုင် ရဲတပ်ဖွဲ့နယ်မြေများအတွင်း ၂၀၀၉-၂၀၁၀ ခုနှစ်တွင် စည်းကမ်းပျက် မော်တော်ဆိုင်ကယ်များအား ဖမ်းဆီးခဲ့ရာ သိမ်းဆည်းရမိသော လိုင်စင်ရှိ စည်းကမ်းပျက်ဆိုင်ကယ် ၂၇၁ စီးကို ၂၁ ရက်အတွင်း ပိုင်ရှင်အမှန်ဖြစ်ကြောင်း အထောက်အထားများပြ၍ ဒဏ်ကြေးငွေနှစ်သိန်း ပေးဆောင်ပြီး လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ပြန်လည်ထုတ်ယူခြင်းမပြုသော မော်တော်ဆိုင်ကယ်များကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။ **ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

အီရန်နျူကလီးယားကိစ္စ ရုရှားပါဝင်ဆွေးနွေးဖြေရှင်းပေးလို

ဒေဗို့စ် ဇန်နဝါရီ ၂၈

အီရန်နိုင်ငံက နျူကလီးယားလက်နက်ထုတ်လုပ်ရန်ကြိုးပမ်းနေသည်ဆိုသော အမေရိကန်ဦးဆောင်ပြီး စွပ်စွဲနေခြင်းမှာ အခြေအမြစ်မရှိဟု ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်က ပြောကြားလိုက်သည်။

ရှင်းလင်းပြောကြား

ဆွစ်ဇာလန်နိုင်ငံ တောင်ပေါ်အပန်းဖြေစခန်း ဒေဗို့စ်၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပသည့် (၄၁) ကြိမ်မြောက် ကမ္ဘာ့စီးပွားရေးဖိုရမ် အဖွင့်မိန့်ခွန်းတွင် ရုရှားသမ္မတ မက်ဗီဒက်ဗ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် အီရန်နိုင်ငံက နျူကလီးယားလက်နက်များ ထုတ်လုပ်နေသည့် သက်သေခံအထောက်အထား ယခုအထိ မတွေ့ရသေးကြောင်း၊ မိမိတို့ ရုရှားနိုင်ငံသည် အီရန်နိုင်ငံနှင့် အချိန်ရှည်ကြာစွာ ဆက်ဆံလာခဲ့သည့်အလျောက် အီရန်နှင့် အနောက်အုပ်စုအကြား အနာဂတ်ဆွေးနွေးပွဲများတွင် နျူကလီးယားနှင့် ပတ်သက်၍ အရေးပါသည့်အခန်းမှ ပါဝင်ဆွေးနွေးဖြေရှင်းပေးနိုင်လိမ့်မည်ဟုမျှော်လင့်ကြောင်း ရုရှားသမ္မတက ရှင်းလင်းပြောကြားလိုက်သည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ ဒါဂျက်စတန်၌ ဗုံးခွဲမှုဖြစ်ပွား

မော်စကို ဇန်နဝါရီ ၂၈

ရုရှားနိုင်ငံတောင်ပိုင်း ဒါဂျက်စတန်ပြည်နယ်တွင် မော်တော်ကားဗုံးပေါက်ကွဲသဖြင့်**(အောက်ပုံ)**အနည်းဆုံး လူလေးဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိသွားကြောင်း အာရ်အိုင်အေအိုဖော့စတီသတင်းဌာနက ဇန်နဝါရီ ၂၇ ရက်တွင် ကြေညာသည်။

ဒါဂျက်စတန်ပြည်နယ် ခါဆက်ယပ်မြို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့၌ ဇန်နဝါရီ ၂၆ ရက် ညနေက ကားဗုံးပေါက်ကွဲခဲ့ကြောင်း ထိုမြို့မှ ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်

ဆေးရုံသို့ အလောင်းသုံးလောင်းနှင့် ဒဏ်ရာရသူ ခုနစ်ဦး ရောက်ရှိလာကြောင်း၊ ဒဏ်ရာရသူတစ်ဦးမှာ ခွဲစိတ်ကုသစဉ် သေဆုံးသွားကြောင်း၊ ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။ ယင်းမှာ ရက်သတ္တနှစ်ပတ်အတွင်း ထိုမြို့၌ ဒုတိယမြောက် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်သည်။ (ဝဲပုံ)

(အင်တာနက်)

ဘဂ္ဂဒက်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွား

ဘဂ္ဂဒက် ဇန်နဝါရီ ၂၈

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်ရှိ ရှီးယိုက်လူမျိုးစုများ နေထိုင်ရာအရပ်၌ ဇန်နဝါရီ ၂၇ရက်က နာရေးအခမ်းအနားကျင်းပနေစဉ် ကားဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ သေဆုံးသူ ၅၃ ဦးရှိပြီး ၁၂၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ ကားဗုံးခွဲတိုက်ခိုက်မှုသည် ယခင် အမေရိကန်ဆန့်ကျင်ရေး ခေါင်းဆောင် မော့တာဒါအယ်ဆာဒါ၏ ခံတပ်ဟောင်းနေရာဖြစ်သည့် ဆူလာခရိုင်၌ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ သို့သော် ယင်းဒေသမှာ ယခုအခါ အဆိုင်းအယ်လ်ဟတ်ဟုခေါ်သည့် အကြမ်းဖက်အုပ်စုတစ်စုက ထိန်းချုပ်ထားပုံရသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

လူ ၁၀၀ကျော်ရှိ

ယင်းကားဗုံးခွဲတိုက်ခိုက်မှုမှာ လွန်ခဲ့သော နှစ်ပတ်အတွင်း ဗုံးခွဲတိုက်ခိုက်မှုများအနက် အဆိုးရွားဆုံး တိုက်ခိုက်မှုဖြစ်သည်။ အီရတ်တွင် နှစ်ပတ်အတွင်း ဗုံးခွဲတိုက်ခိုက်မှုများကြောင့် သေဆုံးသူ လူ ၁၀၀ကျော်ရှိသွားပြီဖြစ်သည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်အနောက်မြောက်ပိုင်း ဆူလာခရိုင်၌ လက်နက်ကိုင်တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွားလျက်ရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဆက်လက်ဖြစ်ပွား

ယင်းဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အီရတ်ပြည်သူများက ဒေါသထွက်နေကြပြီး လမ်းများပေါ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရုန်းရင်းဆန်ခတ် ဆက်လက်ဖြစ်ပွားနေကြောင်း အမေရိကန်ဆန့်ကျင်ရေးခေါင်းဆောင် ဆာဒါ၏ မန်နေဂျာ နက်စ်ဆာ အယ်လ်ဆာဒီက ပြောသည်။

ဒဏ်ရာရ

ထိုနေ့က ဘဂ္ဂဒက်မြို့၌ အခြားဗုံးလေးလုံးလည်း ပေါက်ကွဲခဲ့သည်။ ဘဂ္ဂဒက်အနောက်ပိုင်း ဂျီးဟတ်ခရိုင်၌ မီနီဘတ်စ်အတွင်း ဗုံးပေါက်ကွဲခဲ့ရာ ခရီးသည်နှစ်ဦး သေဆုံးပြီး ခုနစ်ဦးဒဏ်ရာရရှိသွားသည်။ ကာရာဒါခရိုင်၌လည်း ထိုနေ့က လမ်းဘေးဗုံး ပေါက်ကွဲခဲ့ရာ ရဲအရာရှိတစ်ဦးနှင့် အခြားအရာရှိသုံးဦး ဒဏ်ရာရရှိသွားကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။ ဝါဇီရီယာမြောက်ပိုင်းနှင့် ဘတ်အယ်လ်မူယာဟမ်း အရပ်တို့၌ လမ်းဘေးဗုံးများ ပေါက်ကွဲခဲ့သဖြင့် နှစ်ဦးသေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိသွားခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

အမေရိကန်၌ စံချိန်တင် ဆီးနှင်းများ ကျဆင်း

နယူးယောက် ဇန်နဝါရီ ၂၈

အမေရိကန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ဇန်နဝါရီ ၂၇ရက်က ဆီးနှင်းများထူထပ်စွာ ကျဆင်းခဲ့ရာ ယင်းမှာ ယခုနှစ်အတွင်း ပဉ္စမအကြိမ်မြောက် စံချိန်တင်ဆီးနှင်းများ ကျဆင်းမှုဖြစ်ခဲ့ပြီး အဝေးပြေးလမ်းမကြီးများပိတ်ထားရသည်။

ပြတ်တောက်

ဗာဂျီးနီးယားပြည်နယ်မှ မိန်းပြည်နယ်အထိ ဗုဒ္ဓဟူးနေ့ညက ဆီးနှင်းများ ထူထပ်စွာ ကျဆင်းခဲ့ပြီး ကြာသပတေးနေ့ နံနက်ပိုင်းအထိ ဆီးနှင်းများ အဆက်မပြတ် ကျဆင်းခဲ့သဖြင့် နေအိမ် ၆၃၀၀၀၀နီးပါး လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားသည်အထိ ရာသီဥတုဆိုးရွားခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်းများ

မိုးမြင့်လင်းလက် – စုစည်းသည်

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့၌ တိုက်တစ်လုံး မီးလောင်ပြိုကျ

ကိုင်ရို ဇန်နဝါရီ ၂၈

အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် ဇန်နဝါရီ ၂၈ ရက်က အထပ်မြင့်အဆောက်အအုံတစ်လုံး မီးလောင်ပြီး ပြိုကျရာ ခုနစ်ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ကိုင်ရိုမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

၄င်းအဆောက်အအုံသည် ဓာတုပစ္စည်းများထားရှိရာ အထပ်မှ မီးလောင်မှုဖြစ်ပွားပြီးနောက် ပြိုကျခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

မီးကို ငြိမ်းသတ်ရန် ကြိုးစားနေသည့် မီးသတ်တပ်ဖွဲ့ဝင် လေးဦးအပါအဝင် ခုနစ်ဦး သေဆုံးခဲ့ခြင်းဖြစ်ပြီး ပျောက်ဆုံးနေသူအချို့ကို အပျက်အစီးများအကြားမှ ရှာဖွေလျက်ရှိသည်။ ယင်းအဆောက်အအုံသည် သက်တမ်းလွန်အဆောက်အအုံဖြစ်ပြီး ကိုင်ရိုမြို့ စည်ပင်သာယာရေးအဖွဲ့က နေထိုင်ရန် တားမြစ်ထားသော အဆောက်အအုံဖြစ်သည်။ **(အင်တာနက်)**

● *ကျော့ဖုံးမှ*

မီးတောင် ပေါက်ကွဲမှုကြောင့် ပြည်တွင်းလေကြောင်းလိုင်း ဒါဇင်ပေါင်းများစွာ ရပ်ဆိုင်းထားရကြောင်း၊ အလားတူ ၄င်းမြို့ဝန်းကျင်နှင့် ဒေသများကို ဆက်သွယ်ထားသည့် ရထားလိုင်းများကိုလည်း ယာယီရပ်ဆိုင်းထားရကြောင်း၊ လူအသေအပျောက် ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆွစ်ဇာလန် ဟိုတယ်တစ်ခု၌ ပေါက်ကွဲမှုဖြစ်ပွား

ဒေဗို့စ် (ဆွစ်ဇာလန်) ဇန်နဝါရီ ၂၈

ဆွစ်ဇာလန်နိုင်ငံ ဒေဗို့စ်မြို့ရှိ ကမ္ဘာ့ထိပ်သီးခေါင်းဆောင်များ တက်ရောက်သော ကမ္ဘာ့စီးပွားရေးဖိုရမ် ကျင်းပလျက်ရှိရာ ဟိုတယ်တစ်ခု၏ စတိုခန်းတစ်ခုအတွင်း၌ ဇန်နဝါရီ ၂၇ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ထိုပေါက်ကွဲမှုကြောင့် ပြတင်းပေါက်မှန်များ ကွဲခဲ့ကြောင်း၊ လူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပေါက်ကွဲခဲ့

ယင်းဟိုတယ်မှာ ပို့စ်ဟိုတယ်ဖြစ်ပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီက ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပေါက်ကွဲမှုလက်ချက်မှာ လက်ဝဲဝါဒီများ၏ တိုက်ခိုက်မှုဖြစ်နိုင်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အင်ဒိုနီးရှား၌ ရထားနှစ်စင်းတိုက်

ဂျကာတာ ဇန်နဝါရီ ၂၈

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ် ဘန်ဂျာမြို့တွင် ဇန်နဝါရီ ၂၈ ရက်က ရထားနှစ်စင်း တိုက်မိခဲ့ရာ ခရီးသည် ငါးဦးသေဆုံးပြီး ၂၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားရထားလုပ်ငန်း အရာရှိများက ပြောကြားသည်။

ရထားနှစ်စင်းတိုက်မှုဖြစ်ပွားသည့် နေရာမှာ ဘန်ဂျာမြို့ လာဂန်ဘူတာရုံအနီးတွင်ဖြစ်ပြီး ရထားတစ်စင်း လမ်းမှားယွင်းမောင်းနှင်လာခဲ့မှုကြောင့် တိုက်မှုဖြစ်ပွားခဲ့သည်ဟု ၄င်းတို့က ပြောကြားသည်။ ရထားနှစ်စင်းတိုက်မိခြင်းကြောင့် ဒဏ်ရာရရှိသူများအား အနီးရှိဆေးရုံသို့ တင်ပို့ထားရပြီး တာဝန်ရှိသူများက အသေးစိတ်စုံစမ်း စစ်ဆေးလျက်ရှိသည်။ (ဝဲပုံ)

(အင်တာနက်)

စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ ဝန်ကြီးဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်ရွာ ကွင်းအမှတ်(၁၆၁) လယ်သမားကြီး ဦးပေါ်အောင်၏ လယ်မြေ၌ တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်း တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တူးဖော်လျက်ရှိ

ပျော်ဘွယ်-ဘုရားငါးဆူဒေသ မြေအောက်ရေဖြင့် စိုက်ပျိုးရေရရှိရေး စီမံကိန်းတွင် စက်ရေတွင်းများ တူးဖော်လျက်ရှိရာ တူးဖော်ရန်လျာထားသည့် စက်ရေတွင်းပေါင်း ၁၀၀ တူးမည်ဖြစ်ကြောင်း၊ ယခုအခါ စက်ရေတွင်းပေါင်း ၇၄ တွင်း တူးဖော်ပြီးဖြစ်ကြောင်း၊ တူးဖော်ပြီးတွင်းများအနက် ၅၄တွင်းမှာ ရေလျှံတွင်းများဖြစ်ပြီး ကျန်ရှိသော တွင်းများကိုလည်း အမြန်ဆုံးပြီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရေပေးဝေနိုင်

ကျောက်ဆည်ကန်သည် ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ရွာအနီး စမုံချောင်းပေါ်၌ ရှေးမြန်မာမင်း လက်ထက်ကတည်းက တည်ဆောက်ထားခဲ့သော ကန်တစ်ခုဖြစ်ပြီး မူလကန်မှာ ကန်ပေါင်အလျား ပေ ၈၀၀၀၊ ရေဧကပေ ၆၂၅၀ သိုလှောင်နိုင်ကြောင်း၊ ယခုအခါ စိုက်ပျိုးမြေ ဧရိယာ ၄၃၀၆ ဧကကို စိုက်ပျိုးရေ အပြည့်အဝပေးဝေနိုင်ရန်အတွက် ကန်ပေါင်အားဖြည့် ပုံစံကျ ပြန်လည်ပြုပြင်ခြင်း၊ ရေပေးမြောင်းများ သဲနုန်းဖော်ခြင်းနှင့် မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ရပ်ကွက်ကြီး(၃) နွယ်သာဂီလမ်းနေ ကွယ်လွန်သူဦးဆန်းဌေးအောင် အသက်(၃၉)နှစ်အား ရည်စူး၍ ဇနီးဒေါ်ခင်ချိုဦး၊ သမီးမကေဇင်ဆန်း၊ မအိဇင်ဆန်းမိသားစုတို့က ထာဝရ အဆောက်အအုံ ငွေပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီးအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ကိုရီးယားသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၈

တောင်ကိုရီးယား သမ္မတနိုင်ငံ ဆိုးလ်မြို့ရှိ အာဆီယံ ကိုရီးယား ဗဟိုဌာနတွင် ဇန်နဝါရီ ၂၄ ရက်မှ စတင်ကျင်းပမည့် SME Workshop Capacity Building of Small and Medium Business in ASEAN သို့တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းဝင် ဒေါ်ဖြူဖြူမြင့်နိုင်သည် ဇန်နဝါရီ ၂၃ ရက် ညနေက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း အမှုဆောင်များဖြစ်ကြသည့် ဒေါ်နှင်းဝေ၊ ဒေါ်ဇာဇာဌေးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း)

ငွေချည်(၆) ချည်မျှင်ရှည်ဝါစံကွက် တောင်ကြီး၌ ကောက်သိမ်း

တောင်ကြီး ဇန်နဝါရီ ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ဘန့်ကွေးကျေးရွာအုပ်စု မကျည်းပင်ရွာ ကွင်းအမှတ်(၁၄၆)၊ဦးပိုင်အမှတ်(၆၅) တောင်သူဦးကြည်စိုး၏ ငွေချည်(၆)ချည်မျှင်ရှည်ဝါစိုက်ခင်း၌ ဒီဇင်ဘာ ၂၈ရက်နံနက်ပိုင်းက ဝါသီးနံ့ စံကွက်ကောက်သိမ်းပွဲ ကျင်းပရာ စံကွက်ကောက်သိမ်းပွဲသို့ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန ခရိုင်မန်နေဂျာဦးဇော်ဌေး၊ တောင်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင့်ဇော်၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးသိန်းဆွေ၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း မြို့နယ်မန်နေဂျာဦးကျော်မြင့်၊ ဘန့်ကွေးကျေးရွာအုပ်စု ရပ်ကွက်ဥက္ကဋ္ဌဦးအုံးကျော်နှင့် တောင်သူများ တက်ရောက်ကြသည်။

ထွက်ရှိ

အဆိုပါ ငွေချည်(၆) ချည်မျှင်ရှည်ဝါစိုက်ခင်းမှ တစ်ဧက ဝါ ၈၁၂ ဒသမ ၅၉ပိဿာ နှုန်းထွက်ရှိကြောင်း သိရှိရသည်။ **(၁၈၉)**

မြောင်းမြမြို့ အထက(၆)၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မယွန်းဝတီနိုင်ဦးအား ကျောင်းအုပ် ဆရာကြီး ဦးခင်မောင်ဝင်းက စလွယ်နှင့်ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ကတ္တရာထပ်ပိုးလွှာခင်း

ဖျာပုံခရိုင် ဘိုကလေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် ဗိုလ်ဗထူးလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၃ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (၁၃၇)



တီ-မွေး-ကုတက္ကသိုလ်ဘွဲ့ရများ နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၂၈

တီ-မွေး-ကု တက္ကသိုလ်(အင်းစိန်) B.V.S (၁၉၇၁-၁၉၇၇) ဘွဲ့ရများ၏ နှစ်ပတ်လည်အစည်းအဝေးနှင့် မိတ်ဆုံစားပွဲကို ဖေဖော်ဝါရီ ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ Western Park Royal Restaurant (ကန်တော်ကြီး)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လူမှုရေးရန်ပုံငွေများကို ဒေါက်တာစိုးဝင်း-ဒေါက်တာဘေဘီတိုး ဖုန်း-၆၁၁၄၂၈၊ ၀၉-၅၁၈၀၂၃၂၊ ဒေါက်တာမျိုးတင့်၊ ဒေါက်တာနုနုဝင်း ဖုန်း-၂၂၆၉၄၂၊ ၀၉-၅၁၁၁၈၂၉၊ ဒေါက်တာနန်းခင်မေဖူး ဖုန်း-၅၇၈၂၁၉၊ ၀၉-၅၀၀၃၁၈၃၊ ဒေါက်တာခင်ကျော့ယဉ်ဖုန်း-၀၂-၆၆၀ ၃၇၊ ၀၉-၂၀၀၂၈၄၁၊ ဒေါက်တာ မန်းတင်ဝင်း ဖုန်း-၀၂-၇၇၀၇၉၊ ၀၉-၂၀၅၄၆၇၄၊ ဒေါက်တာမောင်မောင်ကြီး ဖုန်း-၇၃၀၈၂၀၁၇ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အာစရိယ ပူဇော်ကြမည်

ရန်ကုန် ဇန်နဝါရီ ၂၈

လှည်းကူးဆရာအတတ်သင်

လှည်းကူး ဆရာအတတ်သင်ကျောင်း ပညာရေးကောလိပ် တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂ ရက် (တောင်သူလယ်သမားနေ့)နံနက် ၉နာရီတွင် လှည်းကူးပညာရေးကောလိပ် အာစရိယခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၁၉၈၆ခုနှစ်မှ ၂၀၁၀ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀)နှင့်အထက် အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် သင်တန်းတက်ရောက်ခဲ့သော ဆရာ ဆရာမများ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ကျောင်းအုပ်ကြီး လှည်းကူးပညာရေးကောလိပ် ဖုန်း-၀၁-၆၂၉၁၅၀၊ ဒေါ်ဌေးဌေးရီ ဂီတဌာန လှည်းကူးပညာရေးကောလိပ် ဖုန်း-၀၁-၆၂၉၁၅၀၊ ဦးကြည်လင်းအောင် အမှတ်(၃) အခြေခံပညာဦးစီးဌာန ရန်ကုန်မြို့ ဖုန်း-၇၃၀-၄၄၇၁၃၊ ဦးသောင်းဌေး အထက ဥက္ကံမြို့ ဖုန်း-၀၅-၅၂၉၄၂၁၊ ဦးဌေးအောင် အောင်မင်္ဂလာရပ် လှည်းကူးမြို့ ဖုန်း-၆၂၈၀၉၆၊ဦးအောင်ဖေ၊ ကျောင်းအုပ်ကြီး ထ(ခွဲ)ဘိုးရင်လေး လှည်းကူးမြို့ ဖုန်း-၇၃၀-၈၅၂၁၀၊ ဦးကြည်အောင် အထက ဒါးပိန် ဖုန်း-၀၁-၆၂၅၄၀၄၊ လိုင်းခွဲ-၄၁၂နှင့် ဦးတင်စိုး လက်ထောက်မြို့နယ်ပညာရေးမှူး လှည်းကူးမြို့ ဖုန်း- ၀၁-၆၂၉၀၂၂တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

စိတ်ပညာဌာနမိသားစု

စိတ်ပညာဌာနမှ အငြိမ်းစားယူသွားကြသော ဆရာ ဆရာမကြီးများအား အာစရိယ ပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပန်ဒါဟိုတယ် ဝါးတန်းလမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့် လမ်းမတော်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ အဝေးသင်တက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်၊ လုပ်သားများ ကောလိပ်၊ Applied Psychology Social Work သင်တန်းများမှ စိတ်ပညာဘွဲ့ရရှိကြသော ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးအောင်မြတ်ကျော်စိန် ပါမောက္ခ(စိတ်ပညာဌာန) ဖုန်း-၅၃၇၃၇၅၊ ဦးစောဝေ ဖုန်း-၅၁၂၇၁၄၊ဦးတင်ကိုကို-ဖုန်း-၂၄၃၁၅၁၊ ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၄၃၁၇၆၊ ဦးဝင်းမောင် ဖုန်း-၀၉-၅၁၇၄၅၂၁၊ ဦးစန်းဝင်း ဖုန်း-၀၉-၅၀၁၉၁၅၅၊ ဦးမြတ်အေး ဖုန်း-၀၉-၅၀၀၄၉၄၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

မကွေးကောလိပ် (၁၉၆၄-၁၉၇၆)

မကွေးကောလိပ် (၁၉၆၄-၁၉၇၆)ခုနှစ် အငြိမ်းစားဆရာ ဆရာမကြီး ၁၆၀ကျော်တို့အား သတ္တမအကြိမ် အာစရိယပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၃ ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့၌ ဦးတင်ထွန်း ဖုန်း-၀၁-၅၄၅၅၉၉၊ ၀၉-၅၀၁၈၅၃၃၊ ဦးတင်မောင်သန်း ဖုန်း-၀၁-၅၄၂၄၂၄၊ ၀၉-၅၀၀၃၈၉၉၊ ဦးဘာဘာချို ဖုန်း-၀၁-၆၄၁၇၈၇၊ ဒေါ်ကြည်ကြည်တင် ဖုန်း-၀၁-၅၅၃၄၁၈၊ ၀၉-၅၀၀၅၄၅၀၊ ဒေါ်ခင်ဝင်းမေ ဖုန်း-၀၁-၇၃၀၉ ၄၁၅၄၊ ဒေါ်စန်းစန်းထွန်း ဖုန်း- ၀၁-၅၁၉၆၅၅၊ ကျောက်ပန်းတောင်း၌ ဦးအေးမောင်ကြည် ဖုန်း-၀၆၁-၅၀၇၅၉၊ အောင်လံ-ဦးညီညီ ဖုန်း-၀၆၉-၂၁၂၈၂၊ ၂၁၈၈၂၊ မိတ္ထီလာ၌ ဦးမျိုးလွင် ဖုန်း-၀၆၄-၂၁၂၁၃၊ ၂၃၁၆၇၊ မကွေး-ဦးခင်မောင်မြင့် ဖုန်း-၀၉-၂၃၀၂၀၄၃၊ စလင်း-ဦးဌေး ဖုန်း-၀၆၃-၄၂၁၆၂၊ မန္တလေး၌ ဒေါ်ချိုချိုထွန်း ဖုန်း-၀၂-၆၄၅၀၅၊ ၀၉-၂၀၂၂ ၀၈၊ ပခုက္ကူ-ဒေါ်ခင်မြစန်း ဖုန်း-၀၆၂-၂၉၁၅၆၊ ချောက်မြို့-ဒေါ်မြင့်မြင့်ကြည် ဖုန်း-၀၉-၅၁၃၂၈၉၂၊ နေပြည်တော်၌ ဒေါ်တင်တင်ရီ ဖုန်း-၀၆၇-၄၀၃၃၀၃၊ ၀၉-၄၉၂၀၃၃၃၉နှင့် ဒေါ်ချိုချိုမြင့် ဖုန်း-၀၆၇-၄၁၄၇၈၃၊ ၄၀၉၀၃၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်(၁၉၆၆-၁၉၆၇)

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ (၁၉၆၆-၆၇)ခုနှစ် ဘွဲ့ရ ကျောင်းသားကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကိုဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန် သခင်မြပန်းခြံရှိ Western Park (1) စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လိုသူများနှင့် အသေးစိတ်သိရှိလိုသူများသည် ကိုလှအောင်၊ မသန်းဆွေ ဖုန်း-၅၅၂၄၂၀၊ မကြည်ညွှန့် ဖုန်း-၅၃၀၅၈၅၊ မနှင်းသန့် ဖုန်း- ၆၆၀၅၇၀၊ မလွင်လွင်မော် ဖုန်း-၂၉၈၉၀၁၊ မဌေးဌေးဝင်း ဖုန်း-၇၃၀-၁၄၄၉၆၊ ကိုသန်းစိုး ဖုန်း-၆၄၁၉၈၄၊ ကိုလှမင်း(AA) ဖုန်း-၂၉၄၁၈၆၊ ကိုဝင်းငြိမ်း ဖုန်း-၀၉-၅၁၁၀၅၉၆၊ ကိုလှမင်း(Stats) ဖုန်း-၇၃၀-၅၇၀၇၇၊ ကိုထင်ကျော် ဖုန်း-၀၉-၅၁၂၂၉၉၆၊ ကိုဇော်သန်း ဖုန်း-၀၉-၅၀၃၈၉၈၃၊ မတင်တင်သန်း ဖုန်း-၆၅၃၀၀၃၊ ကိုသင်းမောင် ဖုန်း-၀၉-၈၆၁၃၆၁၃၄၄၊ မခင်သီသီ(မန္တလေး) ဖုန်း-၀၉-၂၀၅၃၄၀၇၊ ကိုစိန်သင်(မန္တလေး)ဖုန်း-၀၂၂၃၅၉၂၊ ကိုစိန်လွင်(မန္တလေး)ဖုန်း-၀၉-၂၀၁၂၂၂၀၂ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

စလင်းမြို့နယ်အသင်း

စလင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နိုင်ငံတော်အဆင့် ဘွဲ့ထူးဂုဏ်ထူးရရှိသူများအား ချီးကျူးဂုဏ်ပြုပွဲနှင့် စလင်းမြို့ အထက/ အလက များတွင် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အသက် ၆၅ နှစ်အထက် အငြိမ်းစား ဆရာ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အာဇာနည်လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ပဂိုတယ်နှင့် ခရီးသွားလာရေး ဓမ္မာရုံ (ယခင်၊ စား/ဖျော်)၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့ရှိ စလင်းမြို့နယ်သူမြို့နယ်သားများအား အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက် ၇၅ နှစ်အထက် အသင်းဝင်များ၊ အသင်းဝင်တို့၏မိဘများ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးများစာရင်းကို အမှုဆောင်များထံသို့ ဇန်နဝါရီ ၃၀ရက် နောက်ဆုံးထား၍ပေးပို့ကြရန် သိရှိရသည်။

(မြန်မာ့အလင်း)

အထက(၂) (ကျောက်ကြီး) ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ယခင် ကေဘီအမ် အထက်တန်းကျောင်း)၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၉ နာရီတွင် မေတ္တာရပ်ကွက်ရှိ ကျောင်းခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အခမ်းအနားသို့ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ဗိုလ်မှူးကြီးမြင့်အုန်း(ငြိမ်း) ဖုန်း-၀၉-၅၁၇၁၈၉၄၊ ဒေါ်ခင်ယုံ ဖုန်း-၀၉-၈၀၂၁၅၅၄၊ ဗိုလ်မှူးလှထွန်း (ငြိမ်း)ဖုန်း-၀၁-၅၁၀၄၉၉၊ ဦးညွန့်ရွှေ ဖုန်း-၀၁-၅၀၅၉၈၀၊ ဦးသန်းဝင်း ဖုန်း-၀၁-၆၄၆၃၇၅နှင့် ဦးအောင်ကြီး (ကျောက်ကြီး) ဖုန်း-၀၅၄-၄၉၀၂၄တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၈ ရက်က ရန်ကုန်မြို့ ကျောက်မြောင်း ပုညဝုနလမ်းနေ ကွယ်လွန်သူ ဖခင်ကြီး ဦးလှရွှေ (၁၀)နှစ်မြောက်အား ရည်စူး၍ မိခင်ကြီး ဒေါ်ခင်ဌေးနှင့်မိသားစုများက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ အလှူငွေ ကျပ်တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၉-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၄။ တရားတော်
- ၇:၂၀ ၅။ ဓမ္မပူဇာတေး
- ၇:၂၅ ၆။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၇။ မြန်မာ့ရှုခင်း
- ၇:၄၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ မြဝတီအဖွင့်
- ၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၁၁:၂၀ ၄။ အဖွင့်သီချင်း
- ၁၁:၂၅ ၅။ မျိုးချစ်တပ်မတော်
- ၁၁:၃၀ ၆။ ကာတွန်းအစီအစဉ် **ချစ်မိတ်ဆွေဗလကြီး** (အပိုင်း-၂၅)
- ၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **လှို့ဝှက်ချက်အဇ္ဈော** ပြေတီဦး၊ ချောရတနာ [ဒါရိုက်တာ-ကိုဇော် (အရုဏ်ဦး)]
- ၁၃:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်မျက်ရည်လေးပြယ်ပါစေ** (အပိုင်း-၃၆)

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၁၀ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၃ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
- ၄:၂၀ ၆။ ကုန်သွယ်သုတ
- ၄:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
- ၄:၃၅ ၈။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၄၀ ၁၁။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ **စားဖိုဆောင်ချစ်သူ**
- ၆:၅၀ ၁၅။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၄)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ လူရွှင်တော်စကား
- ၂၃။ အင်္ဂလိပ်စာသုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၅။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန် ကျားတစ်ပြန်** (အပိုင်း-၅)
- ၂၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၂၃)

* *ရှု့ဖွံ့မှ*

ဖွင့်လှစ်

မကွေး စက်မှုနယ်မြေအတွင်း ပါဝင်သည့် အကြီးစားစက်နှင့် စက်ပစ္စည်းကိရိယာ ထုတ်လုပ်မှုစက်ရုံ (မြိုင်)ကို ၁၇-၁-၂၀၀၉ ရက်တွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်သည့် စက်မှုသင်တန်းကျောင်း (ပခုက္ကူ)ကို ၁၅-၇-၂၀၁၀ရက်တွင်လည်းကောင်း၊

အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)၏ Heavy Turbo Truck Manufacturing Plant အတွင်း မော်တော်ယာဉ် စက်ပစ္စည်း အစိတ်အပိုင်းများ အဆင့်ဆင့် တပ်ဆင်ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး) Heavy Turbo Truck Manufacturing Plant နှင့် Gear & Transmission Plant တို့ကို ၃၁-၁၂-၂၀၁၀ရက်တွင် လည်းကောင်း ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။

အကောင်အထည်ဖော်

ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့် တည်ထောင်သည့် စက်မှုသင်တန်းကျောင်း Industrial Training Center (မကွေး) စီမံကိန်းကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)၏ Heavy Turbo Truck Manufacturing Plant နှင့် Gear & Transmission Plant ကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၃၁ရက် နံနက်ပိုင်းက အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)သည် မကွေးတိုင်းဒေသကြီး မကွေးမြို့မှ ခြောက်မိုင်ခန့်အကွာ၊ မကွေး-တောင်တွင်းကြီးလမ်း၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာတွင် တည်ရှိသည်။ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ စီမံကိန်းသည် စီမံကိန်းနယ်မြေ ဧရိယာဧက ၁၃၀၀၊ စက်ရုံဧရိယာဧက ၂၅၀ ကျယ်ဝန်းပြီး Heavy Turbo Truck Manufacturing Plant သည် ပင်မစက်ရုံ အလျားမီတာ ၂၅၀၊ အနံ ၁၃၅ မီတာနှင့် Gear & Transmission Plant သည် အလျားမီတာ ၁၂၀၊ အနံ ၃၆မီတာရှိ နှစ်ရုံနှင့် အခြားဆက်စပ် အဆောက်အအုံများအဖြစ် အလျား ၄၅မီတာ၊ အနံ ၁၂မီတာရှိ MRS Substation၊ အုပ်ချုပ်ရေးရုံးနှင့် ဝန်ထမ်းအိမ်ရာများ ပါဝင်သည်။ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ စီမံကိန်းဧရိယာအတွင်း Heavy Turbo Truck Manufacturing Plant, Gear & Transmission Plant နှင့်အတူ စက်မှုသင်တန်းကျောင်း (Industrial Training Center) ကိုပါ ထည့်သွင်းတည်ဆောက်လျက်ရှိသည်။

ထုတ်လုပ်နိုင်

အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ(မကွေး)၏ Heavy Turbo Truck ကို အိန္ဒိယသမ္မတနိုင်ငံမှ Tata Motors Ltd. ၏ နည်းပညာအကူအညီရယူ၍ မိမိအင်အားဖြင့် ထုတ်လုပ်ခြင်းဖြစ်သည်။ ထုတ်လုပ်မှုစွမ်းအားအနေဖြင့် 20~40 Ton Heavy Turbo Truck (6 x 2 & 6 x 4) ဘယ်မောင်းမော်တော်ယာဉ်များကို တစ်နှစ်လျှင် အစီး ၅၀၀၀ကျော် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခင်က TE Truck ထုတ်လုပ်သည့် အမှတ် (၁) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)ရှိခဲ့ပြီး ယင်းစက်ရုံမှ ၆ ဒသမ ၅ တန် TE -11 နှင့် TE -21 များ ထုတ်လုပ်ခဲ့သည်။ ယခုအခါ အဆိုပါစက်ရုံမှ (၁၀-၁၅)တန် TE -31 မော်တော်ယာဉ်များကို ထုတ်လုပ်ရန် စီစဉ်နေပြီဖြစ်သည်။

ဖြည့်ဆည်းပေး

အမှတ်(၃) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(မကွေး)ကို ထပ်မံတိုးချဲ့တည်ဆောက်ခြင်းဖြင့် ခေတ်မီတိုးတက်သော မော်တော်ယာဉ်ထုတ်လုပ်မှုဆိုင်ရာ နည်းပညာများရရှိနိုင်မည့် Heavy Turbo Truck ထုတ်လုပ်မှုစက်ရုံ တစ်ခု ထပ်မံပေါ်ထွန်းလာခြင်း၊ နိုင်ငံတော်၏ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော Heavy Turbo Truck (20~40 Ton) များ ထုတ်လုပ်နိုင်ခြင်း၊ Civilian Vehicle များဖြစ်သည့် City Bus, Cargo Truck, Dump Truck, Water Bowser, Fire Fighting Truck များ ထုတ်လုပ်၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ နိုင်ငံတော် ကာကွယ်ရေးအတွက် လိုအပ်မည့်မော်တော်ယာဉ်များ ဖြည့်ဆည်းပေးနိုင်ခြင်း၊ ပြည်တွင်းစက်မှုဇုန်များရှိ မော်တော်ယာဉ် ထုတ်လုပ်သူများအနေဖြင့် ထုတ်လုပ်မှုနည်းပညာ နမူနာရယူနိုင်သည့် စက်ရုံတစ်ခုဖြစ်ခြင်းနှင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ရရှိလာခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရရှိမည်ဖြစ်သည်။

Gear & Transmission Plant ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Inc. ၏ နည်းပညာအကူအညီဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထုတ်လုပ်မှုစွမ်းအားအနေဖြင့် ZF (220-340) HP Gear Box နှင့် Transmission System (Gear Box) တစ်နှစ်လျှင် (750) Unit ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အကျိုးကျေးဇူးများ

Gear & Transmission Plant တည်ဆောက်ခြင်းဖြင့် ယခင် အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် ယခင်က မာဇဒါဂျစ်၊ ဟီးနိုး-တီအီး၊ ထွန်စက်များ၏ ဂီယာဘောက်များသာ ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုအခါတွင် ခေတ်မီ မော်တော်ယာဉ်များဖြစ်သည့် ¼t, ½t, 2t, 10t, 15t, 20t, 30t, 40t မော်တော်ယာဉ်များ၏ ဂီယာဘောက်များ ထုတ်လုပ်သွားနိုင်မည်ဖြစ်ခြင်း၊ နောင်တွင် Marine ဂီယာဘောက်များ ထုတ်လုပ်သွားနိုင်မည်ဖြစ်ခြင်း၊ သာဂရဘက်စုံသုံး ဒီဇယ်အင်ဂျင်စက်ရုံမှ ထွက်ရှိမည့် ဒီဇယ်အင်ဂျင်များနှင့် တွဲဖက်အသုံးပြုရန် လိုအပ်သော Transmission System များကို ပြည်တွင်း၌ ထုတ်လုပ်၍ သုံးစွဲသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ ထုတ်လုပ်မှုနည်းပညာရရှိစေခြင်းနှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေခြင်း စသည့် အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်သည်။

တိုးတက်ထုတ်လုပ်

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် ၁၉၈၈ ခုနှစ်မတိုင်မီက Mazda Jeep နှင့် TE-11, TE-21 Truck တို့ကိုသာ ထုတ်လုပ်နိုင်ခဲ့ပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် လူစီးမော်တော်ယာဉ်များ၊ လုပ်ငန်းသုံး မော်တော်ယာဉ်များနှင့် စက်ယန္တရားအမျိုးအစားများစွာ တိုးတက်ထုတ်လုပ်လာနိုင်ခဲ့သည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနသည် "ခေတ်မီ စက်မှုနိုင်ငံတော်သစ်ဆီသို့" ဆောင်ပုဒ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် စက်မှုကဏ္ဍကို ဘက်ပေါင်းစုံက မြှင့်တင်ခြင်းဖြင့် ပါဝင်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အမှတ်(၃) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (မကွေး)၏ Heavy Turbo Truck Manufacturing Plant နှင့် Gear & Transmission Plant တို့သည် မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုသမိုင်းစဉ်တွင် ခေတ်သစ်တစ်ခုသို့ တက်လှမ်းနိုင်စေမည့် အခြေခံအဆောက်အအုံစက်ရုံများ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မန္တလေးမြို့ အထက(၁၆) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

မန္တလေးမြို့ အမှတ်(၁၆) အထက၌ ၁၉၆၂ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသားဟောင်းများ၏ (၁၃) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း စုဝေးခန်းမသစ်ကြီး၌ ကျင်းပမည်ဖြစ်သည်။

ပါဝင်လှူဒါန်းလိုသူများသည် အထက(၁၆) ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထွေးသန်းနှင့် ကျောင်းသားဟောင်း၊ ဆရာ ဆရာမများ ဖုန်း-၀၂-၃၂၂၈၈၊ ဒေါ်မြတ်သူဇာ ဖုန်း-၀၂-၃၂၈၈၁၊ ဦးအောင်မွန်လတ် (လက်ထောက်ညွှန်မှူး၊ တိုင်းဒေသကြီး ထွေ/အုပ်၊ မန္တလေး) ဖုန်း-၀၉-၅၀၄၆၄၀၇၊ ဦးသိန်းထွန်းဇော် (ဦးစီးအရာရှိ၊ မန္တလေးမြို့တော် မြေစာရင်းဦးစီးဌာန) ဖုန်း-၀၉-၂၀၀၃၂၃၄၊ ဒေါ်ပုလဲ(ရန်ကုန်မြို့) ဖုန်း-၀၉-၅၁၉၁၁၅၁၊ ဒေါ်ကြည်ကြည်ငွေ(ရန်ကုန်မြို့) ဖုန်း-၀၁-၇၀၃၈၁၆နှင့် မန္တလေးမြို့ရှိ အမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

The Future Myanmar Business Report မဂ္ဂဇင်းမိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

The Future Myanmar Business Report မဂ္ဂဇင်း မိတ်ဆက်ပွဲနှင့် ESD 21 ၏ Basic principle and parctical advantage of TOYOTA PRODUCTION SYSTEM (TPS)/Lean system ဆွေးနွေးပွဲကို Myanmar Resources Group က ကြီးမှူး၍ ဖေဖော်ဝါရီ ၄ ရက်တွင် Sedona ဟိုတယ် မင်းတုန်းခန်းမ၌ မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် The Future Myanmar Business Report မဂ္ဂဇင်းထုတ်ဝေမည့် အစီအစဉ်ကို မိတ်ဆက်ပြောကြားပြီး TOYOTA ၏ တာဝန်ရှိသူများဖြစ်သော ESD 21 မှ ဥက္ကဋ္ဌ Mr. Satoshi Kuroiwa၊ မန်နေဂျင်းဒါရိုက်တာ Mr. Isao Wazawa နှင့် ဒါရိုက်တာ Mr. Akio Suzuki တို့က TOYOTA PRODUCTION SYSTEM (TPS) / Lean system ၏ အားသာချက်များကို ရှင်းလင်းဆွေးနွေးပြောကြားမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက Yangon Publishing House အခန်း ၁၂၀၃ တိုက် A-3-1 မြန်မာ့ဂုဏ်ရည်အိမ်ရာ အထက်ပန်းဆိုးတန်းလမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၃၉၃၁၀၂၊ Sann Pwint Aung Myin Trading Co., Ltd. No. 43/ 45,3rd FL, (Left- Right Side), 27th Street, Pabedan T/S, Yangon, Myanmar ဖုန်း-၃၇၄၂၅၂၊ ၃၇၄၂၅၃ နှင့် PLUSD GROUP CO., LTD. No. 33 (B) Room No. B2, Yaw Min Gyi Street, Dagon T/S, Yangon ဖုန်း-၂၄၂၄၆၂နှင့် ၂၅၁၂၀၁တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းများ ဝန်ကြီး ဦးမောင်မောင်သွေ စစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဦးမောင်မောင်သွေသည် ဇန်နဝါရီ ၂၁ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမီးသတ်စခန်း၌ စခန်းတည်ဆောက်ပြီးစီးမှုအခြေအနေ၊ မီးသတ်ယာဉ်စက်ကြွံခိုင်ရေး၊ အသင့်ရှိရေး အခြေအနေများ၊ ရေရရှိရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ဇန်နဝါရီ ၂၂ ရက်က မိုင်းငေါ့မီးသတ်စခန်း၌ မီးသတ်ယာဉ်စက်ကြွံခိုင်ရေးအခြေအနေနှင့် မိုင်းငေါ့မြို့ မီးဘေးကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဝန်ထမ်းအင်အား ခွဲဝေချထားမှုများကိုလည်းကောင်း၊ မိုင်းငေါ့မြို့ နမ့်ဆင်ချောင်း ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်မီးရရှိရေးအတွက် ရေသွယ်ယူမှုအခြေအနေများနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုကိုလည်းကောင်း၊ မိုင်းငေါ့မြို့နယ် ဟဲခမ်းရွာနှင့် နားယရွာများရှိ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်မီး ရရှိရေးအတွက် ဟဲခမ်းရေတံခွန်ချောင်းတို့မှ ရာသီအလိုက်ရေဝင်ထွက်မှုများနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

လှူဒါန်း

ဝန်ကြီးသည် ဇန်နဝါရီ၂၃ရက်တွင် နမ့်ဆန်မြို့ မီးသတ်စခန်း၌ မီးသတ်စခန်းအဆောက်အအုံ အခြေအနေ၊ ရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မီးသတ်ယာဉ်စက်ကြွံခိုင်ရေး၊ အသင့်ရှိရေး အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ဝဲပုံ)**ထို့နောက် နမ့်ဆန်မီးသတ်စခန်းအတွက် ရုပ်မြင်သံကြားစက်နှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်ကာ နမ့်ဆန်မြို့ ဇယန်းကြီးအခြေခံပညာမူလတန်းလွန်ကျောင်း၌ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အခြေခံပညာကျောင်းအတွက် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများလှူဒါန်းခဲ့သည်။

ဆက်လက်၍ နမ့်ဆန်မြို့ ရေရရှိရေးအတွက် ရေကာတာတည်ဆောက်ထားမှုနှင့် ရေဝင်ရောက်မှုအခြေအနေများ၊ ရေပိုက်သွယ်တန်းမှု အခြေအနေများ၊ နမ့်ဆန်မြို့အာရမ်းရွာ ဘုန်းတော်ကြီးကျောင်းတည်ဆောက်မှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။ ထို့နောက် နမ့်ဆန်မြို့ မဟာမြတ်မုနိဘုရားကြီးသို့ရောက်ရှိပြီး ဇယ်တုံစံ ဘုန်းတော်ကြီး ကျောင်းတည်ဆောက်မည့် မြေနေရာကိုကြည့်ရှုကာ ဝန်ကြီးက ဘုန်းတော်ကြီးကျောင်းအတွက် ငွေကျပ်သိန်း ၅၀နှင့် မင်းအနော်ရထာကုမ္ပဏီက ငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရွှေကူမြို့၌ စာအုပ်စာစောင်နှင့် ရန်ပုံငွေလှူဒါန်း

ရွှေကူ ဇန်နဝါရီ ၂၈

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်စာစောင်နှင့် ရန်ပုံငွေလှူဒါန်းပွဲကို ရွှေကူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ဇန်နဝါရီ ၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးညီညီက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးကျော်စိုးနိုင်က ကျေးရွာစာကြည့်တိုက်များ စံ(၅)ရပ်နှင့် ပြည့်မီရေး ဟောပြောဆွေးနွေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာစာကြည့်တိုက်များအတွက် ပုံနှိပ် လုပ်ငန်းရှင်များ (ကိုယ်စား) ဦးမင်းအောင်က အလှူငွေကျပ် ၆၀၀၀၀နှင့် ဦးသိန်းသိန်းပြား- ဒေါ်မြမြနွယ် (ရတနာမွန်) မိသားစုက ငွေကျပ်၅၀၀၀၀တန်ဖိုးရှိဂျာနယ်မျိုးစုံ ၁၅၀နှင့် သုတ ရသ ၄၈ အုပ်အတွက် တန်ဖိုးငွေကျပ် ၆၁၇၀၀ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်၏ ဧကာဒသမအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၂၂ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံးသီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့် တာဝန်ရှိသူတို့က မွေးမြူရေးဆိုင်ရာ ပညာပေးပြခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လက်ခံ

ထို့နောက် နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပရာ ဝန်ကြီးဦးမောင်မောင်သိမ်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ အလှူငွေများကို ပေးအပ် လှူဒါန်းကြရာ ဝန်ကြီးနှင့် တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PTT Lubricants ၏ ကျေးဇူးတုံ့ပြန်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

PTT Public Company Limited (ထိုင်း)နှင့် Myanmar Sole Distributor ဖြစ်သည့် TUNN STAR Co., Ltd. တို့ ပူးပေါင်းပြီး PTT Lubricants ၏ ကျေးဇူးတုံ့ပြန်ပွဲကို ဇန်နဝါရီ ၁၈ရက် ညပိုင်းက ကန်တော်ကြီးဝင်းအတွင်းရှိ Western Park ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ TUNN STAR Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ထွန်းနှင့် PTT Public Co., Ltd. ၏ Executive Vice President Mr. Rachadech Khemthong တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။ ဆက်လက်၍ နှစ်စဉ် ချီးမြှင့်လျက်ရှိသည့် ၂၀၁၀ခုနှစ်၏ Top Dealer Award ဆုကြီး ၁၈ဆု၊ ဗန်ကောက်သို့ အပန်းဖြေခရီးစဉ်နှင့် စက်ရုံလေ့လာရေး ခရီးစဉ် ငါးရက်ဆု၊ ငွေသားဆုများကို TUNN STAR Co., Ltd. ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ PTT Public Co., Ltd. ၏ Executive Vice President Mr. Rachadech Khemthong နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

အကောင်းဆုံး

TUNN STAR Co., Ltd. သည် PTT Lubricants ၏ မြန်မာပြည်တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလမှ စတင်၍ PTT တံဆိပ်အဆင့်မြင့် ဓာတ်ဆီ၊ CNG ဒီဇယ်အင်ဂျင်သုံး စက်ချောဆီအမျိုးမျိုးအပြင် စက်ရုံသုံး ဟိုက်ဒရောလစ်ဆီ၊ ဂီယာဝိုင်၊ ကွန်ပရက်ဆာဆီ၊ အော်တိုဆီ၊ အမဲဆီ၊ မော်တော်ဆိုင်ကယ်သုံး အင်ဂျင်ဝိုင်နှင့် ရေယာဉ်အင်ဂျင်သုံး အထူးစက်ချောဆီ အမျိုးမျိုးကို ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ PTT မှာ ထိုင်းနိုင်ငံ၏ အကြီးဆုံးရေနံဓာတုကုမ္ပဏီကြီးဖြစ်ပြီး PTT အင်ဂျင်ဝိုင်သည်လည်း ထိုင်းနိုင်ငံ၏ နံပါတ်(၁)ရောင်းအားအကောင်းဆုံး အင်ဂျင်ဝိုင်လည်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လက်ခံ

မင်္ဂလာဒုံမြို့နယ် ထောက်ကြန့် သဇင်လမ်း ဈေးရပ်ကွက် အမှတ် ၃၆ (က)နေ ဦးစိုးတင့်နှင့် မိသားစုက နှစ်ဖက်မိဘများနှင့် ဒေါ်သန်းသန်းဦး(ခ) ဒေါ်တူးအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်းအတွင်း လူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

မိုးကောင်းမြို့၌ မီးဘေးလုံခြုံရေး စစ်ဆေး

မိုးကောင်း ဇန်နဝါရီ ၂၈

ကချင်ပြည်နယ် မိုးကောင်းမြို့ မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ မြို့နယ် အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်နှင့် တပ်ဖွဲ့ဝင်များ ဇန်နဝါရီ ၁၀ ရက်မှစ၍ မြို့ပေါ်ရပ်ကွက်များတွင် မီးချိတ် မီးကပ်၊ သဲပုံး၊ ရေပုံးများ အသင့်ထားရှိခြင်း ရှိမရှိ၊ မီးဖိုမီးစနစ်တကျ သုံးစွဲခြင်း ရှိမရှိ တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်း၊ အသံချဲ့စက်ဖြင့် မီးဘေးအန္တရာယ်အသိပညာပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (၀၀၁)

ဖလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကွင်းဆင်းစစ်ဆေး

အင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ဝင်ဆိုင်းဘုတ်နှင့် ပန်းခြံဆေးသုတ်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းထွန်းနှင့် မြို့တာဝန်ခံ ဦးဇော်မင်းခိုင်တို့ ဇန်နဝါရီ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)

၂၀၁၁ ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ဇောတိကစီမံကိန်း၊ ကံပေါက်ယာယီရုံးနှင့် ယာယီအခြေစိုက်စခန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEPI ရေနံကုမ္ပဏီတို့ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်အရ အကျိုးတူပူးပေါင်း ဆောင်ရွက်နေသည့် ဇောတိကစီမံကိန်း၊ ကံပေါက်ယာယီရုံးနှင့် ယာယီအခြေစိုက်စခန်း ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကံပေါက်ကျေးရွာအနီးရှိ အဆိုပါရုံး၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ PTTEPI ရေနံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ်၊ တာဝန်ရှိသူများနှင့် ဇောတိကစီမံကိန်းမှ နိုင်ငံခြားသားပညာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး PTTEPI ရေနံကုမ္ပဏီမှ အမှုဆောင်အရာရှိချုပ် Mr. Anon Sirisaengtaksin က ကံပေါက်ယာယီအခြေစိုက်စခန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မောရဝတီရေတပ်စခန်း ဌာနချုပ်မှူး၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် PTTEPI ရေနံကုမ္ပဏီ အမှုဆောင်အရာရှိချုပ်တို့က ယာယီရုံးနှင့် ယာယီအခြေစိုက်စခန်းတို့ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (ယာပုံ) ဆက်လက်၍ ဝန်ကြီးက ကံပေါက် ယာယီအခြေစိုက်စခန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ယာယီအခြေစိုက်စခန်း၏ ကွပ်ကဲမှုရုံးခန်း၊ အစည်းအဝေးခန်းမနှင့် လူနေဆောင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယခုအခါ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် PTTEPI ရေနံကုမ္ပဏီတို့သည် ဇောတိကစီမံကိန်း၏ Field Development လုပ်ငန်းများ၊ ပင်လယ်ပိုင်း ၂၃၀ ကီလိုမီတာအရှည် ၂၈ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် ကုန်းတွင်းပိုင်း ၇၀ ကီလိုမီတာအရှည် ၂၈ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ခြင်း၊ ဇောတိကပိုက်လိုင်း ဗဟိုစခန်း တည်ဆောက်ခြင်း၊ ဓာတ်ငွေ့ထိန်းသိမ်းရေးစခန်းများတည်ဆောက်ခြင်းနှင့် သဘာဝဓာတ်ငွေ့ပို့လွှတ်ရေးစခန်းတည်ဆောက်ခြင်း စသည့် လုပ်ငန်းများကို စတင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

အမက(၇)လှိုင်၏၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သုငယ်တန်း မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ ထူးချွန်ဆုရရှိသော မဖြူစင်သန့်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာမှန်က ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေး လယ်ဝေးမြို့နယ်၌ စည်းဝေး

နေပြည်တော် ဇန်နဝါရီ ၂၈

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေလေ့လာရေးလုပ်ငန်း သတ္တမအကြိမ် လပတ်အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ရုံးစည်းဝေးခန်းမတွင်ကျင်းပရာ နေပြည်တော်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြို့နယ်ဦးစီးမှူး ဦးအောင်သန်းနှင့် ဒုတိယဦးစီးမှူးများ၊ မြို့နယ်အတွင်း ကျေးလက်ဒေသအသီးသီးမှ တိရစ္ဆာန်ကျန်းမာရေးလုပ်သား ၁၂ ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကွတ်ခိုင်မြို့ အမှတ်(၁) ရပ်ကွက်တွင် သုံးလက်မ ပီဗွီစီပိုက်လိုင်း တိုးချဲ့သွယ်တန်းထားရှိမှုကို ဇန်နဝါရီ ၂၁ ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား

၂၉-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၅ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၁၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၂၅ ၈။ **ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ**
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၃၀ ၅။ Yan Can Cook
- ၁၂:၅၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၁၁)
- ၁၃:၅၀ ၇။ **မဟော်သဓာ** (အပိုင်း-၁၇) ဖိုးသောကြာ ၊အားသစ်၊ နဒီဝင့်နိုင်၊ ပပစိုးကြည် (ဒါရိုက်တာ-စန္ဒရားသန်းဇော်)
- ၁၄:၂၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၄:၃၀ ၉။ အတီးပြိုင်ပွဲ
- ၁၄:၅၀ ၁၀။ International News

ညပိုင်း

- ၃:၄၅ ၁။ **Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဇေယျာရွှေမြေအသင်း)**
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ **အလှရှာမယ် လှကမ္ဘာဝယ်**
- ၆:၃၅ ၆။ ယဉ်တစ်ကိုယ်မယ်
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **စမ်းရေပမာ** (အပိုင်း-၁၇)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၉၄)
- ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကွန်ဖူးချစ်သူ** (အပိုင်း-၁)
- ၁၃။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၁၄။ အစီအစဉ်ပြီး၏။

မြောင်းမြအသင်း ပညာရည်ချွန်ဆုပေးမည်

ရန်ကုန် ဇန်နဝါရီ ၂၈

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီးမွေ့ရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များထဲမှ အသက် (၇၅)နှစ် နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ သုံးဘာသာနှင့်အထက် အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများစာရင်းနှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေးလျှောက်ထားလိုသူများသည် ဥက္ကဋ္ဌဦးဝင်းကြည် ဖုန်း-၅၇၃၀၇၄၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ တွဲဖက်အတွင်းရေးမှူး ဒေါ်သန်းသန်းနွယ် ဖုန်း-၆၆၂၀၈၆၊ ဘဏ္ဍာရေးမှူး ဒေါ်သန်းမြင့် ဖုန်း-၅၂၆၁၆၈၊ ဒေါ်မြင့်မြင့်သန်း မြောင်းမြဒေါ်ချို မုန့်ဟင်းခါး ရေတာရှည်လမ်း ဗဟန်း ဖုန်း-၅၄၈၅၀၁၊ ၀၉-၅၀၉၄၉၁၁နှင့် မြောင်းမြမြို့ရှိ နာယကဦးယုထော် ဖုန်း-၀၄၂-၇၀၀၁၈နှင့် ဦးကျော်သန်း၊ ဦးဇော်ဝင်း ဖုန်း-၀၄၂-၇၀၂၉၇ (ဇော်ရတနာရွှေဆိုင်)နှင့် ဆရာမဒေါ်ရီရီမင်းတို့ထံသို့ ဆက်သွယ်စာရင်းပေးပို့ကြရန် ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ၂၀၁၁ ခုနှစ် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲသွားသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသမီးဘော်လီဘောအသင်းအား ပင်မဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက တတိယဆုရရှိသော အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်း၊ ဒုတိယဆုရရှိသော ပြည်ထဲရေးဝန်ကြီးဌာန အသင်းနှင့် ပထမဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့အား တစ်ဦးချင်း ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက အကောင်းဆုံး စပေးဘောဆုရ ညိုလှိုင်မြင့်(ပြည်ထဲရေး)၊ အကောင်းဆုံး ပင့်ထောင်ဆုရ အေးအေးဝင်း (ကာကွယ်ရေး)၊ အကောင်းဆုံးရိုက်ခုတ်ဆုရ ခင်သက်ဝေ (ပြည်ထဲရေး)၊ အကောင်းဆုံး ပိတ်ဆို့ဆုရ စန်းစန်းဌေး(စက်မှု-၁)၊ အကောင်းဆုံး ခုခံဆယ်မဆုရ စောသန္တာ(ကာကွယ်ရေး)နှင့် အကောင်းဆုံးဘော်လီဘော အားကစားသမားဆုရ စုမြတ်မွန်(ကာကွယ်ရေး) တို့အား အကောင်းဆုံးဆုများနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဝန်ကြီးဦးမောင်ဦးက ပထမ၊ ဒုတိယ၊ တတိယနှင့် စတုတ္ထဆုရရှိကြသော အသင်းများအား ဂုဏ်ပြုငွေသားဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ပင်မဒိုင်းဆုချီးမြှင့်

ထို့နောက် ဝန်ကြီး သူရဦးအေးမြင့်က အနိုင်ရဗိုလ်စွဲသွားသော ကာကွယ်ရေးဝန်ကြီးဌာန အမျိုးသမီး ဘော်လီဘောအသင်းအား ပင်မဒိုင်းဆုကြီးနှင့် ဆင့်ပွားဒိုင်းဆုတို့ကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာစတင်ရေးသည့် ကလေးများအတွက် သီးသန့် ခဲတံ/ဘောလ်ပင်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန် ဇန်နဝါရီ ၂၈

စာစတင်ရေးသည့် ကလေးများ ခဲတံ/ဘောလ်ပင်များ စတင်ကိုင်တွယ်ရာတွင် စနစ်တကျရှိမှုကြောင့် ပျော်ရွှင်စွာ စာရေးနိုင်မည့် ဂျာမနီနိုင်ငံထုတ် Schwan - STABILO အမှတ်တံဆိပ် Left Right ခဲတံနှင့် ဘောလ်ပင်များကို Salient Trading Company Limited က တစ်ပြည်လုံး ဝယ်ယူအသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **(ယာပုံ)**

ထုတ်လုပ်ထား

Left Right ခဲတံနှင့် ဘောလ်ပင်သည် စာစတင်ရေးသည့် ကလေးများအတွက် အလွန်အရေးပါကြောင်း၊ ခဲတံကို စနစ်တကျလွယ်ကူစွာ ကိုင်တွယ်တတ်အောင် စီမံပေးထားကြောင်း၊ ကလေး၏ ဘဝတစ်သက်လုံး ခဲတံ/ဘောလ်ပင်ကို သိပ္ပံနည်းကျစနစ်တကျကိုင်တွယ်တတ်မှု အကျိုးကျေးဇူးကြောင့် လက်ချောင်းများ ညောင်းညာခြင်း၊ လက်အန်သေခြင်းမရှိဘဲ ကြာရှည်စွာစာရေးသားနိုင်ခြင်း၊ ခဲတံ/ဘောလ်ပင် ကိုင်တွယ်ထားသည့် လက်ချောင်းများ အနေအထားမှန်သဖြင့် လျင်မြန်စွာ စာရေးသားနိုင်ခြင်း၊ ခဲတံ/ဘောလ်ပင်ကိုင်တွယ်မှုနှင့် ပတ်သက်သော စိတ်ဖိစီးမှုမရှိသဖြင့် စာပေသင်ကြားရာတွင် ပိုမိုအာရုံစူးစိုက်နိုင်ခြင်းစသည့် အကျိုးများ ရရှိမည်ဖြစ်ကြောင်း၊ Left Right Series တွင် ခဲတံ၊ ဘောလ်ပင်၊ ခဲဖျက်၊ ခဲဆန်၊ ချွန်စက်များ ပါရှိကြောင်း၊ ဘယ်သန် ညာသန်ကလေးများ အသုံးပြုနိုင်အောင် နှစ်မျိုးစလုံး ထုတ်လုပ်ထားကြောင်း သိရသည်။



စီစဉ်ထား

ကျောင်းသားများအား ဈေးနှုန်း ၂၅ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးသွားမည်ဖြစ်ကြောင်း၊ ဝယ်ယူလိုပါက Salient Trading Company Limited အမှတ် ၂၂ ၄ဝါလမ်း စောရန်ပိုင်(တောင်)ရပ်ကွက် အလုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၂၅၁၁၀၊ ၇၀၃၁၆၅ နှင့် ၀၉-၅၀၁၃၁၅၃ တို့သို့ ဆက်သွယ်၍ အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း၊ Salient Trading Company Limited နှင့် STABILO Company တို့က ၅၀ ရာခိုင်နှုန်းစီ ထောက်ပံ့ပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၃၀-၁-၂၀၁၁) ရက်နေ့

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက်

(၁၃-၂-၂၀၁၁) ရက်နေ့

နှင့်

(၂၇-၂-၂၀၁၁) ရက်နေ့

ကြိုတင်ကာကွယ် ခဲဆိပ်အန္တရာယ်

ထွန်းအောင်လှ (လုပ်ငန်းခွင်ကျန်းမာရေး)

ကမ္ဘာကြီးဟာ သိပ္ပံနှင့်နည်းပညာ တစ်ဟုန်ထိုးတိုးတက်လာမှုကြောင့် စက်မှုကမ္ဘာအဖြစ် သိသိသာသာပြောင်းလဲလာသလို ဒီတိုးတက်မှုများရဲ့ နောက်ဆက်တွဲများအဖြစ် ကမ္ဘာကြီးပူနွေးလာမှု (Global Warming)၊ အိုဇုန်းလွှာပေါက်ပြဲမှု (Ozone Depletion)၊ လေထု၊ ရေထု၊ မြေထုညစ်ညမ်းမှု (Air, Water and Soil Pollution) စတဲ့ ပြဿနာပေါင်းစုံကို လူသားတွေ နေ့စဉ်နဲ့အမျှ ရင်ဆိုင်ဖြေရှင်းနေကြရပါတယ်။

စက်မှုလုပ်ငန်းများ တိုးတက်လာတာနဲ့အမျှ အဆိုပါ စက်မှုလုပ်ငန်းတွေမှာ အသုံးပြုနေကြတဲ့ ဓာတုကုန်ကြမ်းပစ္စည်းတွေက သိသိသာသာတစ်မျိုး၊ မသိမသာလည်းအပါအဝင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လူသားတွေရဲ့ကျန်းမာရေးအပေါ်မှာ သက်ရောက်မှုတွေရှိလာတာကို တွေ့ရှိနေရပါတယ်။

ဓာတုပစ္စည်းအမျိုးအစားပေါင်းများစွာကြောင့် ကမ္ဘာ့လူသားများရဲ့ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခဲ့ပါတယ်။ သို့သော် ဓာတုပစ္စည်းတွေကို ကိုင်တွယ်သုံးစွဲရာမှာ လက်လွတ်စပယ်နဲ့ မဆင်မခြင်သုံးစွဲမှုတွေ၊ စနစ်တကျမရှိတဲ့သုံးစွဲမှုတွေ ရှိခဲ့မယ်ဆိုရင်တော့ ပြည်သူလူထုရဲ့ ကျန်းမာရေးကို ထိခိုက်စေခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းစေခြင်းစတဲ့ ဆိုးကျိုးတွေ ဖြစ်ပွားပေါ်ပေါက်စေနိုင်ပါတယ်။

ဓာတုပစ္စည်းတွေအနက် ခဲသတ္တုဟာဆိုရင် လူသားတွေအတွက် အလွန်အသုံးဝင်သလို အန္တရာယ်လည်း အလွန်များပါတယ်။ ဒါကြောင့် ၁၉၃၇ ခုနှစ် ဘေးအန္တရာယ်ဖြစ်စေသောလုပ်ငန်း (ခဲသတ္တုလုပ်ငန်း) (Hazardous Occupation, Lead Rules 1937) ဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ အမျိုးသမီးများနှင့် အသက် (၁၈) နှစ်အောက် အရွယ်မရောက်သေးသူများကို ခဲသတ္တုနှင့် ဆက်နွယ်လျက်ရှိတဲ့ လုပ်ငန်းတွေမှာ လုပ်ကိုင်ခွင့်ကို ကန့်သတ်ထားပါတယ်။

ဒါပေမယ့် ခဲဆိပ်အန္တရာယ်နဲ့ ပတ်သက်ပြီး ဗဟုသုတနည်းပါးခြင်း၊ ခဲသတ္တုအသုံးပြုတဲ့ လုပ်ငန်းတွေမှာ ခဲနဲ့ပတ်သက်တဲ့ ပြုလုပ်မှုလုပ်ငန်းစဉ်အားလုံးကို အဆောက်အအုံတစ်ခုတည်းတွင် လုပ်ကိုင်စေခြင်း၊ လုပ်ငန်းလုပ်ကိုင်ရာ အဆောက်အအုံများဟာ လေဝင်လေထွက်မကောင်းခြင်း၊ လုပ်သားတွေအနေနဲ့ တစ်ကိုယ်ရေအကာအကွယ်သုံးပစ္စည်းများ အသုံးပြုမှုမရှိခြင်း၊ တာဝန်ရှိသူများ၏ ကြီးကြပ်မှုအားနည်းခြင်း စတာတွေကြောင့် ခဲသတ္တုကို ကိုင်တွယ်လုပ်ကိုင်နေရတဲ့ အလုပ်သမားတွေမှာ ခဲဆိပ်သင့်မှုအန္တရာယ်များ မကြာခဏဆိုသလို ကြုံတွေ့နေကြရပါတယ်။

ခဲသတ္တုကို ကိုင်တွယ်လုပ်ကိုင်ကြရတဲ့လုပ်သားတွေမှာ ခဲဆိပ်သင့်မှုဖြစ်ပွားပြီဆိုရင် အဲဒီလုပ်သားမှာသာမကဘဲ သူတို့ရဲ့ အတူနေမိသားစုတွေမှာပါ ခဲဆိပ်သင့်ခြင်းဝေဒနာကို ခံစားရရှိစေနိုင်ပါတယ်။ ဒ့ါအပြင် ခဲလုပ်ငန်းရဲ့ အနီးအနားပတ်ဝန်းကျင်မှာ နေထိုင်ကြသူတွေဟာလည်း ခဲဆိပ်သင့်မှုအန္တရာယ်ကို သွယ်ဝိုက်၍ ခံစားရစေနိုင်ပါတယ်။

ခဲဆိပ်သင့်မှုအန္တရာယ်ကို ဘက်ထရီအိုးအဟောင်းများမှ ခဲသတ္တုပြားများကို ထုခွဲ၊ ချေဖျက်၊ ကျိုချက်၍ လုပ်ငန်းခွင်သုံး ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်တဲ့ ခဲတုံးများထုတ်လုပ်ခြင်း၊ ဘက်ထရီအသစ်ထုတ်လုပ်တဲ့ စက်ရုံများအပါအဝင် ဘက်ထရီအိုးများ ပြုပြင်ထုတ်လုပ်ခြင်း၊ ခဲသတ္တုတူးဖော်ခြင်း၊ သန့်စင်ကျိုချက်ခြင်း၊ ခဲကျိုချက်၍ လေသေနတ်ကျည်ဆန်များ၊ ငါးဖမ်းပိုက်သုံးခဲလုံးများ၊ ခဲချောင်းများထုတ်လုပ်ခြင်း၊ စဉ့်အိုးလုပ်ငန်းများတွင် ခဲတုံးများကို ထုထောင်း၊ အမှုန့်ကြိတ်၊ ခဲရည်ဖျော်၍ အိုးများတွင်ခဲရည်သုတ်ခြင်း၊ ရော်ဘာနှင့်ကြမ်းခင်း ဖယောင်းပုဆိုးလုပ်ငန်းများ၊ ကားဘော်ဒီဆေးမှုတ်လုပ်ငန်းနှင့် ဂဟေဆော်ခြင်းလုပ်ငန်းများ၊ သင်္ဘောတည်ဆောက်ခြင်းနှင့် သင်္ဘောကျင်းလုပ်ငန်းများ၊ တံတားများ၊ ဥမင်များပြုပြင်တည်ဆောက်ခြင်းစတဲ့ ဆောက်လုပ်ရေးလုပ်ငန်းအမျိုးမျိုး၊ မော်တော်ယာဉ်များ၏ ရေတိုင်ကီများ ပြုပြင်ထုတ်လုပ်ခြင်း၊ ကြွေထည်၊ မြေထည်နှင့် ရွှေ၊ ငွေ လက်ဝတ်ရတနာများထုတ်လုပ်ခြင်း (ရွှေပန်းထိမ်၊ ငွေပန်းထိမ်လုပ်ငန်း)၊ ကြေးနှင့် ကြေးနီ ကျိုချက်ထုတ်လုပ်ခြင်း၊ ခဲပါဝင်သော သုတ်ဆေးများထုတ်လုပ်ခြင်း၊ ဆေးသုတ်ခြင်း၊ ဆေးမှုတ်ခြင်းနှင့် အရောင်တင်ဆီလုပ်ငန်းများ၊ မှန်လုပ်ငန်းများ၊ ခဲစာလုံးပုံသွင်းခြင်းနှင့် ပုံနှိပ်လုပ်ငန်းများ၊ ခဲပါဝင်သော မိတ်ကပ်၊ ပေါင်ဒါ၊ ဆံပင်ဆိုးဆေးများ ထုတ်လုပ်ခြင်း၊ ကလေးကစားစရာအရုပ်များတွင် ခဲပါဝင်သော အရောင်ဆိုးဆေးကိုအသုံးပြုပြီး ဆေးရောင်ခြယ်ခြင်း၊ အိမ်၊ ကား၊ အဆောက်အအုံ ပြုပြင်ခြင်း လုပ်ငန်းအမျိုးမျိုး စတဲ့လုပ်ငန်းတွေမှာ တွေ့ရှိနိုင်ပါတယ်။

လူတို့ရဲ့ ခန္ဓာကိုယ်တွင်းသို့ ခဲသတ္တုများ တစ်နည်းနည်းနဲ့ ဝင်ရောက်ခဲ့မယ်ဆိုရင် ဝင်ရောက်သွားတဲ့ပမာဏနဲ့ အသက်အရွယ်အပိုင်းအခြားပေါ်မူတည်ပြီး ခဲဆိပ်သင့်ခြင်း ဖြစ်ပေါ်စေနိုင်ပါတယ်။ ခန္ဓာကိုယ်တွင်းသို့ ခဲမှုန့်၊ ခဲငွေ့များ ဝင်ရောက်နိုင်တဲ့ နည်းလမ်းတွေကတော့ ခဲရည်ကျိုလုပ်ငန်းများမှာ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခြင်းနဲ့ အစာ လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်ခြင်းတို့ဖြစ်စေနိုင်တဲ့ ခဲသတ္တုလုပ်ငန်းခွင်အတွင်း အစားအစာစားသောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းစသည်တို့ ပြုလုပ်ခြင်း၊ ကလေးသူငယ်များအနေဖြင့် လက်စုပ်ခြင်း၊ ခဲသတ္တုပါသည့် ဆိုးဆေးဖြင့် အရောင်ခြယ်ထားသော ကစားစရာအရုပ်များ ပါးစပ်အတွင်း ထည့်ခြင်း စသောနည်းလမ်းများ၊ ခဲပါဝင်သော မိတ်ကပ်၊ ပေါင်ဒါ၊ ဆံပင်ဆိုးဆေးများအပါအဝင် အလှပြင်ပစ္စည်းများကို အသုံးပြုတဲ့အတွက် အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်တွင်းသို့ဝင်ရောက်ခြင်း စတဲ့နည်းလမ်းများဖြစ်ပါတယ်။

အိမ်ထောင်သားမွေးပြုနိုင်တဲ့ အမျိုးသမီးတွေဟာ ကိုယ်တွင်းခဲဝင်ရောက်မှုပမာဏ အဆမတန်များပြားနေတာကိုမသိဘဲ ကိုယ်ဝန်ဆောင်မယ်ဆိုရင် သန္ဓေသားရော မိခင်ပါ ကျန်းမာရေးထိခိုက်နိုင်မှုအန္တရာယ် အလွန်ကြီးပါတယ်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ ခန္ဓာကိုယ်ထဲမှာ ခဲပမာဏမြင့်တက်နေပါက ကိုယ်ဝန်ပျက်ကျခြင်း၊ ကလေးအသေမွေးခြင်း၊ လမစေ့မီမွေးဖွားခြင်း၊ ကိုယ်အလေးချိန်လျော့နည်းသော ကလေးများမွေးခြင်း၊ သေးကွေးသောကလေး၊ လူစဉ်မမီ၊ မွေးရာပါချို့ယွင်းချက်ရှိသော ကလေးများမွေးလာခြင်း စတာတွေ ဖြစ်ပွားစေနိုင်ပါတယ်။ ကိုယ်ဝန်ဆောင်မိခင်လောင်းများ ခဲဆိပ်သင့်ပါက သွေးအတွင်းမှာရှိတဲ့ ခဲဆိပ်ဟာ သန္ဓေသားကလေးငယ်ထံသို့ ရောက်ရှိနိုင်ပါတယ်။ အဲဒီလို ဝင်ရောက်သွားမယ်ဆိုရင် ခဲဆိပ်ကြောင့် သန္ဓေသားမှာ ကျောရိုးကြီးထွားမှုပုံမှန်မဟုတ်ခြင်း၊ စအိုပေါက်ပိတ်ခြင်း၊ မွေးရာပါနှလုံးရောဂါဖြစ်ခြင်း၊ အစာမျိုပြွန်အပေါက်ဖြစ်နေခြင်း၊ ကျောက်ကပ်ချို့ယွင်းမှုဖြစ်ခြင်း၊ ခြေလက်အင်္ဂါပုံမှန်မဖြစ်ခြင်း၊ ကြီးထွားမှုပုံမှန်မဖြစ်ခြင်း၊ အရပ်ကြီးထွားမှုနှုန်း နှေးကွေးခြင်း စတာတွေဖြစ်စေနိုင်ပါတယ်။ ကလေးသူငယ်များမှာဆိုရင်လည်း အထူးသဖြင့် အသက်လေးနှစ်အောက်ကလေးတွေမှာဆိုရင် ဦးနှောက်နှင့် အာရုံကြောများထိခိုက်မှုကြောင့် ကိုယ်ပူခြင်း၊ ဖျားခြင်းမရှိဘဲ တက်ခြင်း၊ ကိုယ်ကာယဖွံ့ဖြိုးကြီးထွားမှုနဲ့ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှေးခြင်း၊ နားကြားအာရုံချို့တဲ့ခြင်း၊ ဉာဏ်ထိုင်း၍ စာသင်ယူနိုင်မှုခက်ခဲခြင်း၊ ဂနာမငြိမ်ခြင်း၊ ရန်လိုတတ်ခြင်း၊ ပေါင်းသင်းဆက်ဆံရေးအဆင်မပြေခြင်း စတာတွေဖြစ်စေနိုင်ပါတယ်။

လူကြီးများမှာဆိုရင်တော့ စားချင်သောက်ချင်စိတ်မရှိခြင်း၊ ခံတွင်းပျက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ပြင်းထန်စွာဗိုက်နာခြင်း၊ အဆစ်များ၊ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း၊ သွေးအားနည်းခြင်း၊ မောပန်းလွယ်ခြင်း၊ ခြေလက်များ မလှုပ်ရှားနိုင်ခြင်း၊ သွေးတိုးခြင်း၊ အာရုံစူးစိုက်မှုလျော့နည်းခြင်း၊ ရန်လိုတတ်ခြင်း၊ လိင်စိတ်လျော့နည်းခြင်း၊ မြုံခြင်း၊ ဦးနှောက်ရောင်ခြင်းကြောင့် တက်ခြင်း၊ မေ့မြောသတိလစ်ခြင်း၊ သေဆုံးခြင်း စတာတွေဖြစ်ပွားစေနိုင်ပါတယ်။

ခဲနှင့်ဆက်စပ်တဲ့ လုပ်ငန်းခွင်အမျိုးအစားများတွင် လုပ်ကိုင်နေသူများနဲ့ ၎င်းတို့ရဲ့ မိသားစုဝင်တွေ၊ ခဲလုပ်ငန်းရဲ့ ပတ်ဝန်းကျင်အနီးအနားတစ်ဝိုက်မှာ နေထိုင်ကြသူတွေဟာ ခဲဆိပ်သင့်မှုအန္တရာယ်ကို ကြုံတွေ့ရနိုင်ပါတယ်။ ခဲဆိပ်သင့်တဲ့ လက္ခဏာတွေကတော့ အစာအိမ်ရောဂါ၊ သန်ကောင်စွဲရောဂါ စသည်တို့ကြောင့်မဟုတ်ဘဲ ဗိုက်အောင့်ခြင်း၊ သွေးအားနည်းခြင်း၊ မကြာခဏ မောပန်းလွယ်ခြင်း၊ သွေးတိုးရောဂါရှိခြင်း၊ ကလေးသူငယ်များတွင် မကြာခဏတက်ခြင်း၊ ဉာဏ်ရည်နိမ့်ကျခြင်း၊ စာမလိုက်နိုင်ခြင်း၊ ကိုယ်ကာယကြီးထွားမှုနှုန်း နှေးခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ မကြာခဏ သားလျှော၊ သားပျက်ခြင်း၊ ကလေးအသေမွေးခြင်း၊ မွေးရာပါချို့ယွင်းချက်ရှိသော ကလေးများမွေးခြင်း၊ ဦးနှောက်အာရုံကြောဆိုင်ရာ လက္ခဏာများ ဥပမာ-ထုံခြင်း၊ အကြောတက်ခြင်း၊ ခြေလက်တုန်ခါခြင်း၊ မကြာခဏ သတိလစ်ခြင်း စသည့် အချက်များထဲမှ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ခံစားနေရခြင်း စသည်တို့ ဖြစ်ကြပါတယ်။

အထက်ပါအချက်အလက်များထဲမှ တစ်ချက်(သို့မဟုတ်) တစ်ချက်ထက် ပိုမို၍ ခံစားနေရပြီဆိုပါက နီးစပ်ရာကျန်းမာရေးဌာနမှ ဆေးပညာရှင်ဆရာဝန်များထံတွင် ပြသ၍ ကျန်းမာရေးစစ်ဆေးမှုကို ခံယူရမှာ ဖြစ်ပါတယ်။

ခဲလုပ်ငန်းမှာ လုပ်ကိုင်မှုရပ်လိုက်မယ်၊ ဆက်မလုပ်တော့ဘူးဆိုရင် ခဲဆိပ်အန္တရာယ်မရှိတော့ဟုယူဆ၍ ခဲဆိပ်သင့်မှု ရှိ၊ မရှိ ကျန်းမာရေးစစ်ဆေးမှု မှန်မှန်ပြုရန် မလိုအပ်တော့ဟု မိမိဘာသာသတ်မှတ်ကာ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်ပြသခြင်းများ မပြုလုပ်တော့တာတွေကိုလည်း မလုပ်သင့်ပါဘူး။ ဒီအယူအဆဟာ မှားယွင်းပါတယ်။ ခဲနဲ့ ဆက်စပ်တဲ့လုပ်ငန်းလုပ်ကိုင်မှု ရပ်လိုက်ပါက နောက်ထပ်ခဲဆိပ် ဝင်ရောက်ခြင်းနဲ့ နောက်ထပ်ခဲဆိပ်သင့်ခြင်းကို ကာကွယ်နိုင်တာမှန်ပါတယ်။ သို့သော် ယခင်လက်ကျန် ခဲဆိပ်ကို လူ့ခန္ဓာကိုယ်မှ စုပ်ယူထားသဖြင့် တဖြည်းဖြည်းနဲ့သွေးထဲသို့ ထုတ်လွှတ်နေပါတယ်။ ဒါကြောင့် သွေးတွင် ခဲဆိပ်ပမာဏ တစ်ဖန်မြင့်တက်ခြင်း ရှိ၊ မရှိနဲ့ ခဲဆိပ်သင့်လက္ခဏာ ရှိ၊ မရှိကို ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်ပြီး ဆေးကုသမှု ဆက်လက်ခံယူရန် လိုအပ်နေပါသေးတယ်။

ခဲဆိပ်သင့်ခြင်းအန္တရာယ်မဖြစ်စေရန်အတွက် ခန္ဓာကိုယ်တွင်းသို့ ခဲဆိပ်ဝင်ရောက်မှု မရှိစေရန် သတိပြုရမှာဖြစ်ပါတယ်။ ခဲအသုံးပြုသောလုပ်ငန်းများတွင် လုပ်ကိုင်နေကြရသော လုပ်သားများအနေဖြင့် ကိုယ်ခန္ဓာအတွင်းသို့ ခဲဆိပ်ဝင်ရောက်မှု လျော့နည်းစေရန်အတွက် ငါးကလေးများ၊ ဗာဒံစေ့၊ သံဓာတ်ပါဝင်သော ကြက်ဥ၊ အသား၊ ငါးမျိုးစုံ၊ ပဲမျိုးစုံ၊ ကန်စွန်းရွက်၊ ဟင်းနုနယ်၊ ပေါက်ပန်းဖြူရွက်များ၊ ဇင့် (Zinc) ဓာတ်ပါဝင်သော ဝက်သား၊ အမဲသား၊ အသည်း၊ ကနုကမာ၊ ကဏန်း စတဲ့အစားအသောက်များကို နေ့စဉ်မှန်မှန် စားသောက်ပေးရန် လိုအပ်ပါတယ်။ အရက်၊ ဆေးလိပ်စတာတွေက ခဲဆိပ်အန္တရာယ်ကို ပိုမိုဆိုးရွားစေနိုင်သဖြင့် ၎င်းတို့ကို သောက်သုံးရှူရှိုက်မှုအား ရပ်တန့်နိုင်က အကောင်းဆုံးဖြစ်ပါတယ်။

ထို့ပြင် အစာမစားမီ လက်များကို စင်ကြယ်စွာဆေးကြောခြင်း၊ အသီးအနှံများကို မစားမီ ရေဖြင့်စင်ကြယ်အောင် ဆေးခြင်းတို့ကို ပြုလုပ်ရပါမယ်။ စဉ့်အင်တုံ၊ စဉ့်အိုး၊ စဉ့်ခွက်များနှင့် ချက်ပြုတ်ခြင်း၊ ချဉ်ဖတ်တည်ခြင်း၊ စိမ်ရည်တည်ခြင်း၊ အရက်ချက်ခြင်းတို့ကို လုံးဝရှောင်ကြဉ်သင့်ပါတယ်။

အချို့သောနေအိမ်များတွင် ဘက်ထရီအိုးအခွံများအတွင်းသို့ ထမင်းရည်ပူများ၊ စားကြွင်းစားကျန်များ စွန့်ပစ်ထားပြီး အဆိုပါစွန့်ပစ် စားကြွင်းစားကျန်များကို ဝက်မွေးသော အိမ်များက လာရောက်သယ်ယူပြီး ဝက်စာကျွေးခြင်းများ ရှိနေပါသဖြင့် အဆိုပါကိစ္စများကိုလည်း မပြုလုပ်သင့်ပါ။ ဘက်ထရီအိုးအခွံများကို လူနေအိမ်များတွင် မည်သည့်ကိစ္စအတွက်မဆို လုံးဝအသုံးမပြုသင့်ပါ။

ခဲဆိပ်သင့်မှုအန္တရာယ်ဖြစ်နိုင်ခြေရှိသောသူများကို ခဲဆိပ်သင့်ခြင်း ရှိ၊ မရှိ ကြိုတင်သိရှိနိုင်ရန် သွေးအတွင်းရှိ ခဲဓာတ်ပါဝင်မှုပမာဏကို သက်ဆိုင်ရာ ကျန်းမာရေးဌာန၌ စစ်ဆေးရန်လည်း လိုအပ်ပါတယ်။ ဒါမှသာ မိမိတို့ရဲ့ ခန္ဓာကိုယ်တွင်းသို့ ခဲဆိပ်များ ဝင်ရောက်နေမှု ရှိ၊ မရှိကိုသိရှိပြီး လိုအပ်သော ကြိုတင်ကာကွယ်မှု၊ ရှောင်ကြဉ်မှုများကို အချိန်မီပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။

ခဲဆိပ်သင့်မှုအန္တရာယ်ဟာ အလွန်ကြီးမားပါတယ်။ သို့သော် မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်လို့ရပါတယ်။ သို့ပါ၍ ခဲဆိပ်သင့်ခြင်း အန္တရာယ်များ မဖြစ်ပွားရအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ လုပ်ငန်းရှင်များ၊ လုပ်သားများကပါ ဝိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း - တင်ဝင်းလေး (ကြည့်မြင်တိုင်)

ရန်ကုန် ဇန်နဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် ဂီတအစည်းအရုံး၊ ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်း၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၏ စုစည်းဆောင်ရွက်မှုဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုပေးပွဲများကို မြို့နယ်အလိုက် ခမ်းနားသိုက်မြိုက်စွာ ကျင်းပနေကြောင်း ကြားသိနေရသည်။

ယခုလည်း သာကေတမြို့နယ်အတွင်း ထိုပွဲတော်ကျင်းပနေကြောင်း ကြားသိရသည့်အတွက် စာရေးသူအဖို့ နောက်မကျရေးအတွက် အရောက်ပြေးခဲ့သည်။ ဇန်နဝါရီ ၁၆ ရက် နံနက် ၈ နာရီဝန်းကျင်၊ ဇိနမာန်အောင် စေတီတော်ပရိဝုဏ်အတွင်း ပရိသတ်

"ဖွင့်ပွဲကို စည်စည်ကားကားနဲ့ ဖွင့်လှစ်နိုင်ခဲ့ပါတယ်"
ဒေါ်ခင်မြင့်ရည်
(မြို့နယ်ပညာရေးမှူး)

အပေါင်း စုံလင်လှသည်။ အခမ်းအနားကို ဝိမုတ္တိရသမဓမ္မဇိမာန်တော်ကြီးအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားကို ရှေးဦးစွာ ကျောင်းသား ကျောင်းသူလေးများက **ပြည်မြန်မာ** သီချင်းဖြင့် စတင်ဖွင့်လှစ်လိုက်သည်။ ထို့နောက် ကျေးရွာစာကြည့်တိုက် ဖောင်ဒေးရှင်းနာယက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားချီးမြှင့်ပေးပြီး မြို့နယ်အတွင်းရှိ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များနှင့် စာကြည့်တိုက်နှစ်တိုက်အတွက် နိုင်ငံတော်မှ မတည်လှူဒါန်းငွေကျပ် ၁၀သိန်းစီနှင့် မြို့နယ်စာကြည့်တိုက်အတွက် Sky Net DTH တစ်လုံးကို ပေးအပ်လှူဒါန်းခဲ့သည်။

ပီတိဖြစ်စရာ

ဆက်လက်၍ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရသော ကျောင်းသားကျောင်းသူလေးများအား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် တာဝန်ရှိသူတို့က ဆုများ ချီးမြှင့်ကြသည်ကိုလည်း ပီတိဖြစ်စရာ မြင်ကွင်းအဖြစ် တွေ့ခဲ့ရသည်။ ထို့နောက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများကိုလည်း ရှုမငြီးဖွယ် တင်ဆက်မှုအဖြစ် ကြည့်ခဲ့ရသည်။

"အခုလို ဆောင်ရွက်ပေးကြတဲ့အတွက် ဝမ်းလည်းဝမ်းသာ၊ ကြိုလည်းကြိုဆိုပါတယ်"
ဦးအေးကြူ
ညွှန်ကြားရေးမှူးချုပ်
အမှတ်(၃)အခြေခံပညာဦးစီးဌာန

အလှူရှင်များက ငွေကျပ် ၁၈၇၉၈၅၉၀ တန်ဖိုးရှိ စာအုပ်စာစောင်များကို လှူဒါန်းကြရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူတို့၏လက်ခံမှုတွင် ပရိသတ်များ၏ မုဒိတာပွား သာခုခေါ်သံမှာလည်း ဇိမာန်တော်ကြီးအတွင်းမှသည် အထက်ဘဝဂ်သို့တိုင် လျှံဝေခဲ့သည်။

ရင်တွင်းစကား

အခမ်းအနားကို ကျောင်းသား ကျောင်းသူလေးများက **ဓာတ်မာန်** သီချင်းဖြင့် နိဂုံးကမ္ပတ်အဆုံးသတ်ပေးခဲ့သည်။ အခမ်းအနားအပြီးတွင် စာရေးသူက ဤကဲ့သို့ ရည်ရွယ်ချက်ကြီးမားပြီး အဓိပ္ပာယ်ပြည့်စုံလှသော အခမ်းအနားကြီးအတွင်းမှ ဆောင်ရွက်သူတို့၏ရင်တွင်းစကားများကို စုစည်းခဲ့သည်။

အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူသို့ ချဉ်းကပ်မေးငြန်းခဲ့သည်။ "အခုလို နိုင်ငံတော်အစိုးရအနေနဲ့ ဌာနစုံ၊ အဖွဲ့အစည်းစုံ ပေါင်းစပ်ပြီး ကျောင်းတွေအတွက် ဆောင်ရွက်ပေးတာ ကျေးဇူး

ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုရ ကျောင်းသူလေး မယွန်းဝတီဆွေကလည်း ဤသို့ ပြန်လည်သရုပ်ပြ ဖြေဖျော်ခဲ့သည်။

အများကြီးတင်ပါတယ်၊ ဂုဏ်လဲယူပါတယ်၊ ဝမ်းသာစွာနဲ့ ကြိုလဲကြိုဆိုပါတယ်" ဟု ပီတိအပြုံးဖြင့် ဆိုခဲ့သည်။

ညှိနှိုင်းဆောင်ရွက်

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းမင်းက "ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ကျွန်တော်တို့မြို့နယ်မှာ ကျင်းပမှာကို သိရတဲ့ အချိန်ကစပြီး မြို့နယ်မှာရှိတဲ့ မြို့မိမြို့ဖတွေ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ဒီမြို့နယ်ကို ရောက်လာတာ နှစ်လမျှသာ ရှိခဲ့ပေမယ့် မြို့နယ်အကျိုးကို ဆောင်ရွက်ဖို့ ရောက်လာတာဖြစ်တဲ့အတွက် ဒီပွဲကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမယ်လို့ဆိုပြီး ကိုယ်တိုင်ကလဲ ရှေ့က ဦးဆောင်လုပ်ပြခဲ့ပါတယ်။ အောင်မြင်မှုတွေ ရယူခဲ့ပါတယ်။ ပွဲအစအဆုံး အဆင်ပြေ ချောမွေ့ခဲ့ပါတယ်" ဟု ရှင်းပြခဲ့သည်။

စည်စည်ကားကား

မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ရည်က "ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်က စခဲ့ပါတယ်။ ဖွင့်ပွဲကို

"စည်းရုံးမှုအားနဲ့ အောင်မြင်မှုတွေရအောင် ဆောင်ရွက်ခဲ့ပါတယ်"
ဦးစန်းမင်း(ဥက္ကဋ္ဌ)
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အထက(၃)မှာ စည်စည်ကားကားနဲ့ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်တို့မှာ နိုင်ငံကျော်ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ ဒါရိုက်တာများ၊ အဆိုတော်များ၊ စာရေးဆရာများက ကျောင်းအလိုက် ဟောပြောပွဲတွေ ပြုလုပ်ပေးခဲ့ပါတယ်။ ၁၃ ရက်၊ ၁၄ ရက် နှစ်ရက်မှာ ကျောင်းသား ကျောင်းသူတွေကို စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ကျင်းပပေးခဲ့ပါတယ်။ ဇန်နဝါရီ ၁၆ ရက် ဆုပေးပွဲမှာ ထိုက်ထိုက်တန်တန် ဆုတွေ ချီးမြှင့်ပေးခဲ့ပါတယ်" ဟု စီစဉ် ဆောင်ရွက်မှုများကို ပြောပြပေးခဲ့သည်။

မြို့မိမြို့ဖဖြစ်သော ဦးထိန်ဝင်းနှင့် ဦးဇော်ဌေးတို့ဆီသို့ လှမ်းလာခဲ့သည်။ ဥက္ကဋ္ဌ ဦးထိန်ဝင်းက "ကျွန်တော်တို့မြို့နယ်က ထူးခြားပါတယ်။ ရပ်ကွက် ၁၉ ရပ်ကွက်စလုံးမှာ တင့်တယ်လှပတဲ့ စာကြည့်တိုက်တွေရှိပါတယ်။ နေ့စဉ် စာဖတ်သူတွေနဲ့လည်း စည်ကားနေပါတယ်။ ဒါကြောင့် မြို့နယ်သူ မြို့နယ်သားတွေက 'စာအုပ်စာပေ တဝေဝေ၊ စာသံပေသံ တညံညံ ဝေစည်နေတဲ့ စာကြည့်တိုက်မြို့လေး' လို့တောင် ညွှန်းဆိုနေကြပါပြီ။ အခုတော့ အချိုပေါ် သကာလောင်း ဆိုသလို ပြန်ကြားရေးဝန်ကြီး ကိုယ်တိုင် ဦးဆောင်ပြီး အဖွဲ့အစည်း အသီးသီးက စုပေါင်းပြီး ကျောင်းတွေမှာ စာဖတ်ရှိန်မြှင့်မားရေးအတွက် စာအုပ်စာစောင်တွေလာလှူတာကို မြို့နယ်ကိုယ်စား အများကြီးပဲ ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လဲ မြို့မိမြို့ဖအဖွဲ့အနေနဲ့ ဦးဆောင်ပြီး အခမ်းအနားကို ခံ့ညားထည်ဝါအောင် အင်တိုက်အားတိုက်နဲ့ ပြင်ဆင်ပေးခဲ့ပါတယ်" ဟု ရိုးသားပွင့်လင်းစွာ ပြောပြခဲ့သည်။

"သာကေတမြို့နယ်အတွင်း ထက်၊ လယ်၊ မူ၊ မူလွန်ကျောင်းပေါင်း ၅၇ ကျောင်းရှိရာ စာရေးသူ ဇိမာန်တော်ကြီးအတွင်းမှပြန်အထွက် စာအုပ်စာစောင်များကို ကျောင်းအလိုက် ချက်ချင်း ဖြန့်ဝေသယ်ဆောင်မှုကို တွေ့မြင်ခဲ့ရသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရ၏ စေတနာ၊ ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီး၏ သဒ္ဓါ၊ နှစ်ဖြာပေါင်းစပ် ကောင်းမြတ်သော အလှူဒါနကြောင့်

"ကျွန်တော်တို့ မြို့နယ်ရှိ ၁၉ ရပ်ကွက်စလုံးမှာ တင့်တယ်လှပတဲ့ စာကြည့်တိုက်တွေ ရှိပါတယ်"
ဦးထိန်ဝင်း(ဥက္ကဋ္ဌ)
မြို့မိမြို့ဖ

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ သာကေတမြို့နယ်တို့မှသည် တစ်နိုင်ငံလုံး စာဖတ်ရှိန်မြှင့်မားလာပြီး နိုင်ငံတော်အတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ မြောက်မြားစွာ ပိုမို ပေါ်ထွက်လာတော့မည်ဟု မှန်းဆမြင်ယောင်မိပါကြောင်း။ ။

နိုင်ငံတော်အစိုးရ၏ စေတနာ၊ ဌာနဆိုင်ရာ အဖွဲ့အစည်း အသီးသီး၏ သဒ္ဓါ၊ နှစ်ဖြာပေါင်းစပ် ကောင်းမြတ်သော အလှူဒါနကြောင့် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ သာကေတမြို့နယ်တို့မှသည် တစ်နိုင်ငံလုံး စာဖတ်ရှိန်မြှင့်မားလာပြီး နိုင်ငံတော်အတွက် သားကောင်းရတနာများ မြောက်မြားစွာ ပေါ်ထွက်လာတော့မည်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုလ်ချုပ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၅ ရက်တွင် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာမင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေနဒီရေပေါ်ဈေးရှိ ပျံကျဈေးသည်များ စနစ်တကျခင်းကျင်းရောင်းချနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ဇန်နဝါရီ ၁၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုး ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကမမောင်းမြို့ လျှပ်စစ်ဓာတ်အားလိုင်း တိုးချဲ့ခြင်းနှင့်ကွန်ကရစ်မီးတိုင် စိုက်ထူခြင်းကို ဖာပွန်ခရိုင် ဥက္ကဋ္ဌ ဦးစောမြတ်ထွဋ်ဝင်း ဇန်နဝါရီ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း တာဝန်ခံ ဦးမြတ်ကိုကိုတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရေးမြို့နယ် အစင်ကျေးရွာအဝင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့် ဇန်နဝါရီ ၉ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ထွဋ် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဘီအိုစီလမ်းကတ္တရာခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို ဇန်နဝါရီ ၁၂ ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျုံပျော်အထက အာစရိယပူဇော်မည်

ကျုံပျော် ဇန်နဝါရီ ၂၈

ကျုံပျော်အထက ကျောင်းသား ကျောင်းသူဟောင်းများ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် (၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံတက်ရောက်ကြပါရန်နှင့် ဖေဖော်ဝါရီ ၁၂ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လှိုင်သာယာ ဒဂုံဈေး အဝေးပြေးစခန်းရှိ ခေတ်မီကားဂိတ်၌လည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် ပုသိမ်မြို့ အဝေးပြေးကားဂိတ်၌လည်းကောင်း ကြိုဆိုရေးကားများ စီစဉ်ထားရှိသည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲအတွက် အလှူငွေ ထည့်ဝင်လိုပါက ဦးအင်းတော် ဖုန်း-၀၄၆-၅၆၀၁၆၊ ဦးလှဦး ဖုန်း-၀၁-၆၈၂၂၇၃၊ ဦးသန်းစိုး ဖုန်း-၀၉-၅၁၃၂၂၆၉၊ ဗိုလ်ကြီးစိန်သန်း (ငြိမ်း) ဖုန်း-၀၉-၅၅၀၁၀၇၀၊ ဒေါက်တာဝင်းအောင် ဖုန်း-၀၉-၅၁၃- ၉၆၈၆၊ ဒေါ်ရွှေမိ ဖုန်း-၀၁-၇၀၀၇၅၇၊ ဒေါ်ကြူကြူသင်း ဖုန်း-၀၉-၈၇၂၀၆၇၄၊ ဦးပြုံးချို ဖုန်း-၀၉-၈၆၁၄၃၄၉၊ ဦးမြဟန် ဖုန်း-၀၄၆-၅၆၁၇၇၊ ဦးစိုးငွေ- ဒေါ်တင်တင်ဝင်း ဖုန်း-၀၄၆-၅၆၃၀၃နှင့် ဒေါက်တာမင်းဆောင် ဖုန်း-၀၄၂-၂၄၂၉၀ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မုံရွာမြို့၌ ဆိုင်ကယ်နှစ်စီးတိမ်းမှောက် တစ်ဦးသေဆုံး နှစ်ဦးဒဏ်ရာရရှိ

နေပြည်တော် ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြဝတီရပ်ကွက် ဒေါင်းကျောင်းရှေ့၌ ဇန်နဝါရီ ၂၅ ရက် ည ၇ နာရီခွဲခန့်တွင် ဆိုင်ကယ်နှစ်စီး ချိတ်မိပြီး တိမ်းမှောက်သွားခဲ့သဖြင့် တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့ကြောင်း၊ နယ်မြို့များတွင် ဆိုင်ကယ်များကို ဦးထုပ်မဆောင်းဘဲ စီးနင်းမှုများကြောင်း၊ ဆိုင်ကယ်တိမ်းမှောက်မှုဖြစ်ပွားပါက ဦးထုပ် စနစ်တကျ မဆောင်းထားသူမှာ အသက်ပါဆုံးရှုံးရသည်အထိ အန္တရာယ်များကြောင်း၊ သို့ဖြစ်၍ ဆိုင်ကယ်စီးနင်းသူများ သတ်မှတ်စည်းကမ်းကို လိုက်နာစီးနင်းသင့်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

တောင်ပိုင်းစွန်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၂၉ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဖားကန့်မြို့နယ်၌ ပိုးသတ်ဆေးခတ်ထားသော ရေနှင့် အသီးအရွက်များ စားသောက်မိ၍ ကျွဲအချို့သေဆုံးခဲ့၊ ကူးစက်ရောဂါကြောင့် သေဆုံးမှုမဟုတ်သဖြင့် တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးထား

နေပြည်တော် ဇန်နဝါရီ ၂၈

၂၀၁၁ခုနှစ် ဇန်နဝါရီလအတွင်း ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝါရာဇွပ်ကျေးရွာအတွင်းရှိ တောင်သူ ၁၅ ဦး၏ ကျွဲ ၃၆ ကောင်မှာ ရက်ခြားသေဆုံးသွားခဲ့သဖြင့် ဇန်နဝါရီ ၂၁ ရက်တွင် ဖားကန့်မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်အဖွဲ့သည် ယင်းကျေးရွာသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးချက်များအရ ကျွဲများသေဆုံးရခြင်းမှာ ပိုးသတ်ဆေးတစ်မျိုးကြောင့် သေဆုံးရခြင်း ဖြစ်ကြောင်း၊ ယင်းဒေသတွင် အင်းအိုင်များအတွင်း ဆေးခတ်၍ ငါးရှာခြင်း၊ သီးနှံစိုက်ခင်းများအား ပေါင်းသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ခဲ့ကြရာ ကျွဲများသည် ဆေးခတ်ထားသည့် ရေနှင့် အသီးအရွက်များ စားသောက်မိ၍ သေဆုံးရခြင်းဖြစ်ကြောင်း၊ ကျွဲများသေဆုံးရခြင်းမှာ ကူးစက်ရောဂါကြောင့် မဟုတ်ကြောင်း သိရှိရပြီး ကျန် ကျွဲ နွားများအား ကာကွယ်ဆေးထိုးခြင်း၊ တိုက်ခြင်းများ ပြုလုပ်ပေးခဲ့သဖြင့် ကျွဲနွား အသေအပျောက် မရှိတော့ကြောင်း သိရှိရသည်။

ထို့ပြင် ကချင်ပြည်နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဆရာဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၆ ရက်တွင် အဆိုပါကျေးရွာသို့ ရောက်ရှိလာပြီး ကျွဲများသေဆုံးခဲ့မှု အခြေအနေကို မေးမြန်းစစ်ဆေးကာ ကျွဲသေတစ်ကောင်၏ နမူနာပစ္စည်းများအား ဓာတ်ခွဲစမ်းသပ်ရန် ယူဆောင်သွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4အဖွင့် Logo
ပဌာန်းပါဠိတော်+
အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊
ပုဗ္ဗဏှသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **မေတ္တာဖွေးဖြူအောင်လံထူ**
တရားတော်
(ယောဆရာတော်
ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
လောကဝက်ပါ (အပိုင်း-၁၄၈)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အရိပ်စစ် (အပိုင်း-၁၁၅)
၈:၅၀ Activities in the City
(Yangon Media Group ၏
ဆဌမအကြိမ်မြောက်နှစ်ပတ်လည်
အခမ်းအနား)
၉:၀၀ သန့်ရှင်းလတ်ဆတ်သောဆီသန့်
မှသည် ကျန်းမာရေးဆီသို့
၉:၂၅ Global Panorama
(ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀:၀၅ သူတို့ပြောတဲ့သူတို့အကြောင်း
(နေဆန်းနှင့် တွေ့ဆုံခြင်း)
၁၀:၃၅ သွားမယ်စားမယ်
(Sen Viet)
၁၁:၀၀ ကြည်လင်ဝင်းပ သဘာဝ
ဆေးစွမ်းအလှ
၁၁:၁၀ MNL Preview
၁၁:၄၀ ပန်းချီပြခန်း (The Art Gate)
၁၁:၅၀ Goals of the Week
၁၂:၀၅ ထာဝစဉ်အေးမြကြည်လင်
ရေဆင်းရဲ့ဂုဏ်အင်
၁၂:၃၅ လင်းလက်ကြယ်ပွင့်တို့နှင့် ယနေ့
ကျန်းမာရေး (အပိုင်း-၁)
(ပါမောက္ခ ဒေါက်တာ
ချယ်ရီသန်းသန်းတင်၊ တင်မိုးလွင်၊
ဝတ်မှုန်ရွှေရည်၊ စိုးပြည့်သဇင်၊
ဂျင်နီ)
၁:၀၀ **မေတ္တာဖွေးဖြူအောင်လံထူ**
တရားတော်
(ယောဆရာတော်
ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ VJ Choice
၂:၅၅ MRTV-4အစီအစဉ်တင်ဆက်သူ
ရွေးချယ်ပွဲ
(အပိုင်း-၂)
၃:၄၅ ပုသိမ်မြို့မှ ခေါင်းလောင်းသံ
၄:၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ
အရိပ်စစ် (အပိုင်း-၁၀၅)
၅:၀၅ Sports Diary
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Movie Talk
(အသာမစံအနာခံလူကြမ်းများ)
(အပိုင်း-၁)
၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
လောကဝက်ပါ
(အပိုင်း-၁၄၉)
၇:၂၀ ဖက်ရှင်လမ်းညွှန်
(ခေတ်စားနေသဲဇာဖက်ရှင်)
၇:၅၀ ရွှေမန်းမြေမှ ရွှေကျင်နိကာယ
နှစ်(၁၅၀)ပြည့် အလှူပွဲ
၈:၀၀ MRTV-4 သတင်း
၈:၃၀ ၂၀၀၉ ခုနှစ်မြန်မာ့ရုပ်ရှင်
ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
၁၀:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
အရိပ်စစ်
(အပိုင်း-၁၀၆)
၁၁:၃၀ **FA Cup**
(Southampton Vs Man U)
၁:၃၀ ဟိုတယ်လမ်းညွှန်
(Nature Land Hotel)
၂:၁၀ သူ့ဘဝသူ့လက်ရာ
(Artist Win Myint Moe)
၂:၂၀ ကျစ်လျစ်ခံ့ညားစေမှာ
Slim Men Centre
၂:၃၀ **အလျော်အစား**
ဇင်ဝိုင်း၊ ငွေစင်သွန်း၊
ခင်သန်းနွယ် (ဒါရိုက်တာ-
ကျော်ဇေလင်း)
၂:၄၀ လက်မှုပညာ၏ဆန်းသစ်သော
ဖန်တီးမှုနှင့်....
၂:၅၀ World of Knowledge
(Salvage Code Rod Fire
Storm)
၃:၄၀ နယ်ဥဆန်းထွင်ပန်းအလှဆင်
(စိတ်ကြိုက်ပန်းစည်း
ထုပ်ပိုးနည်း)
၄:၀၀ Shooting Location (မစန္ဒာအိမ်)
၄:၂၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ
မြန်မာ့ရိုးရာအနုပညာ
(ပန်းချီပညာဌာနအကြောင်း
သိကောင်းစရာများ)
၄:၃၅ ခါတစ်လှည့်...လာလှည့်ပါ
ဆိပ်ခွန်ရွာ...
၄:၄၅ သမိုင်းထဲက မင်းကွန်း
လင်းလွန်းသည့်သာသနာ
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်
အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Everton- Chelsea	ESPN(Live)
၉:၀၀	Birmingham-Coventry City	ESPN (Live)
၁၁:၃၀	Southampton- Man U	ESPN (Live)

အာဆင်နယ်အသင်း ကားလင်းဖလားချိန်ပြီ

လန်ဒန် ဇန်နဝါရီ ၂၈

အာဆင်နယ်နှင့် အစ်ဆွစ်အသင်းတို့ ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက ကားလင်းဖလား အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် အာဆင်နယ်ကွင်း အီးမရိတ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်က သုံးဂိုးပြတ်သွင်းပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အာဆင်နယ်အသင်းအတွက် ဂိုးများကို ဘင့်တနာ၊ ကော့စ်စီလ်နီနှင့် ဖာဘရီဂတ်စ်**(ယာပုံ)** တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ သို့သော် ပထမအကျော့တွင် အစ်ဆွစ်အသင်းက ၄င်းအိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိထားသည်။ အာဆင်နယ်က နှစ်ကျော့ပေါင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။

အာဆင်နယ်တို့ ယင်းပွဲအနိုင်ရလိုက်သဖြင့် လာမည့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ဝင်ဘလေကွင်း၌ ဘာမင်ဂမ်နှင့် ဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။ ယင်းမှာ အာဆင်နယ်တို့ ၂၀၀၅ ခုနှစ် အက်ဖ်အေဖလား ဆွတ်ခူးပြီးနောက် ပထမဆုံးဖလားရမည့် အခွင့်အလမ်းဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်စိုး - စုစည်းသည်

ဟော့ဖန်ဟိုင်းတိုက်စစ်မှူး ဝက်စ်ဟမ်းသို့ ပြောင်းရွှေ့ကစား

လန်ဒန် ဇန်နဝါရီ ၂၈

ဂျာမန်ဘွန်ဒက်စ်လီဂါကလပ်ဟော့ဖန်ဟိုင်းမှ သဘောတူလိုက်ပြီဖြစ်ကြောင်း ဆီနီဂေါတိုက်စစ်မှူးဒမ်ဘာဘာအား ၂၀၁၄ခုနှစ် ဇွန်လအထိ စာချုပ်လိုက်ပြီ ဖြစ်သည်။ **(ယာပုံ)**

အသက် ၂၅နှစ်အရွယ်ရှိ ဒမ်ဘာဘာသည် ဟော့ဖန်ဟိုင်းကလပ်နှင့်အတူ နှစ်ရာသီကြာ ကစားခဲ့ပြီးနောက် ဝက်စ်ဟမ်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီလိုက်ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒမ်ဘာဘာသည် ယခုနှစ်ရာသီတွင် ဟော့ဖန်ဟိုင်းကလပ်အတွက် ခြောက်ဂိုး သွင်းယူပေးထားသည်။ **(အင်တာနက်)**

တိုက်စစ်မှူး အဒီဘာယော ရီးရဲမက်ဒရစ်သို့ ပြောင်းကစား

မက်ဒရစ် ဇန်နဝါရီ ၂၈

မန်စီးတီး တိုက်စစ်မှူး အဒီဘာယောသည် ယခုဘောလုံးရာသီကုန်အထိ ရီးရဲမက်ဒရစ်သို့ အငှားသွားရောက်ကစားရန် ထွက်ခွာသွားပြီဖြစ်သည်။ (ယာပုံ)

သွင်းယူ

၂၀၀၉ခုနှစ်က အာဆင်နယ်မှ မန်စီးတီးသို့ ပေါင် ၂၅သန်းဖြင့် ရောက်ရှိလာသော အဒီဘာယောသည် မန်စီးတီးအတွက် ၃၆ ပွဲ ပါဝင်ကစားခဲ့ပြီး ၁၉ ဂိုးသွင်းယူပေးခဲ့သည်။ (အင်တာနက်)

ဘင်ဖီကာနောက်တန်းလူ ချယ်လ်ဆီးကမ်းလှမ်း

လန်ဒန် ဇန်နဝါရီ ၂၈

ပေါ်တူဂီကလပ် ဘင်ဖီကာ နောက်တန်းကစားသမား ဒေးဗစ်လူးဝစ်ဇ်အား ချယ်လ်ဆီးက ခေါ်ယူရန် ချဉ်းကပ်လျက်ရှိသည်။

အဆိုပါ နောက်တန်းကစားသမားသည် ဘရာဇီးလက်ရွေးစင်ဖြစ်ပြီး ပေါင် ၂၆သန်းဖြင့် ခေါ်ယူရန် ချယ်လ်ဆီးက ကမ်းလှမ်းထားသည်။ အားကစားသမား ခေါ်ယူရေး ကာလမပိတ်မီ လေးရက်အတွင်း ဘင်ဖီကာနှင့် သဘောတူညီချက် တစ်ရပ်ရရှိရန် ဆွေးနွေးသွားမည် ဖြစ်ကြောင်း ချယ်လ်ဆီးနည်းပြအန်ဆယ်လော့တီက ပြောကြားသည်။

ချယ်လ်ဆီးအသင်း၏ ကမ်းလှမ်းမှုကို ဘင်ဖီကာမှ တုံ့ပြန်ရန် စဉ်းစားလျက်ရှိကြောင်း ပြောကြားခဲ့သည်။ **(အင်တာနက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်သို့ရောက်ရှိ

တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့်သွားလာရေး အစစ အဆင်ပြေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၈

၂၀၁၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် စတင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးများ တက်ရောက်ရန်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် နေပြည်တော်သို့ ရောက်ရှိနေကြပြီဖြစ်သည်။

ထိုသို့ ရောက်ရှိလာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် သွားလာရေးကိစ္စရပ်များကို သက်ဆိုင်ရာက ကြိုတင်စီမံဆောင်ရွက်ပေးထားသည့်အတွက် ကိုယ်စားလှယ်များအနေဖြင့် အစစ အဆင်ပြေပြေ တည်းခိုနေထိုင်လျက်ရှိကြောင်း သိရှိရသည်။

လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးများ တက်ရောက်နိုင်ရေးအတွက် လိုအပ်သည့် အုပ်ချုပ်မှုကိစ္စရပ်များကို ယနေ့ ဆက်သွယ်ဆောင်ရွက်လျက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဇန်နဝါရီ ၂၈

ဇန်နဝါရီ ၂၈ ရက် ယနေ့ နံနက် ၅ နာရီ ၁၀ မိနစ် ၅၉ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (စစ်ကိုင်းတိုင်းဒေသကြီး မြို့သစ်အနီး)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၇အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ ၂၈-၁-၂၀၁၁

ဟားခါးမြို့	၀ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၂ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၃ ဒီဂရီစင်တီဂရိတ်

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ဂျပန်တောင်ပိုင်း၌ မီးတောင်ပေါက်ကွဲ

တိုကျို ဇန်နဝါရီ ၂၈

ဂျပန်နိုင်ငံတောင်ပိုင်းရှိ မီးတောင်တစ်လုံးမှာ သုံးရက်မြောက်နေ့အဖြစ် မီးခိုးနှင့်ပြာများ မှုတ်ထုတ်ပြီးနောက် ဇန်နဝါရီ ၂၈ ရက်တွင် ပေါက်ကွဲခဲ့ကြောင်း ဂျပန်မိုးလေဝသ အေဂျင်စီက သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

တည်ရှိ

ပေါက်ကွဲသည့် မီးတောင်မှာ အမြင့်ပေ ၄၆၆၂ပေရှိ ရှင်မိုးဒါကီ အမည်ရှိ မီးတောင်ဖြစ်ပြီး တိုကျိုမြို့၏ အနောက်တောင်ဘက် မိုင် ၉၅၀ အကွာ မီယာဇာကီမြို့အနီးတွင်တည်ရှိသည်။ **စာမျက်နှာ ၄ ကော်လံ ၃** ●



မိုးရွာသွန်းမှု ၂၈-၁-၂၀၁၁

ပူတာအိုမြို့	၀ ဒသမ ၀၈ လက်မ
မချမ်းဘောမြို့	၀ ဒသမ ၀၄ လက်မ